mgyoe.com
SAMPLE BOOK

# ဒဏ္ဍာရီ

Big Fish: A Novel of Mythic Proportions by Daniel Wallace

လင်းခန့် (မြန်မာပြန်)



mgyoe.com

mgyoe.com SAMPLE BOOK

"ဒန်နီရယ်ဝေါလေ့စ်ဟာ Big Fish (ဒဏ္ဍာရီ) ဆိုတဲ့ရတနာတစ်ပါးကို စွဲမက်ဖွယ်ဖန်ဆင်းလိုက်တဲ့ ပါရမီရှင်စာရေးဆရာတစ်ယောက်ပဲ"

ဝင်စတန်ဂရွမ်း
'ဖောရက်စ်ဂမ့်' စာရေးဆရာ



Cover Design: Maung Day

K04420
9 789997 144331 >

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဩဂုတ်လ၊ ၂၀၂၀ ပြည့်နှစ်။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက်(၀၀၂၉၀)
အမှတ်-၄၆၊ ၄၆ လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - ဦးအောင်ဇော်ထွန်း၊ ပုံရိပ်ရှင်ပုံနှိပ်တိုက်(၀၀၈၃၆)
အမှတ်-၈၊ အိမ်ကြီးလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- မောင်ဒေး
တန်ဖိုး - ၃၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK


# Big Fish

by

Daniel Wallace


# ဒဏ္ဍာရီ

လင်းခန့် (မြန်မာပြန်)



mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | |
|---|---|
| Daniel Wallace ရဲ့ Big Fish–Tim Burton ရဲ့ Big Fish...... | ၇ |
| မိတ်ဆက် | ၁၁ |
| ပထမပိုင်း | ၁၅ |
| အခန်း (၁) အဖေ့ကို မွေးတဲ့ နေ့ | ၁၆ |
| အခန်း (၂) တိရစ္ဆာန်များနှင့် စကားပြောခြင်း | ၂၀ |
| အခန်း (၃) အယ်လာဘားမားမှာ နှင်းကျတဲ့ နှစ် | ၂၁ |
| အခန်း (၄) အကောင်ဖြစ်လာမယ့် သူ | ၂၄ |
| အခန်း (၅) မြစ်ထဲက မိန်းကလေး | ၃၆ |
| အခန်း (၆) ပီယဆေး | ၃၉ |
| အခန်း (၇) ဘီလူးထိန်း | ၄၀ |
| အခန်း (၈) ငါးများထွက်ခြင်း | ၄၅ |
| အခန်း (၉) အက်ရှ်လန်းမြို့က ထွက်တဲ့ နေ့ | ၄၈ |
| အခန်း (၁၀) လောကသစ်သို့ အဝင် | ၆၀ |


mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ဒုတိယပိုင်း | ၆၅ |
| အခန်း (၁၁) အမယ်အိုရဲ့ ဖန်မျက်လုံး | ၆၆ |
| အခန်း (၁၂) ဦးဆုံးချစ်တဲ့ အချစ်ဆုံး အချစ်ဦး | ၈၂ |
| အခန်း (၁၃) ရာဇဝင်တွင်တဲ့ ခြေထောက် | ၈၄ |
| အခန်း (၁၄) မိန်းမပိုးပုံ | ၈၅ |
| အခန်း (၁၅) ရန်ပွဲ | ၈၇ |
| အခန်း (၁၆) ခမည်းခမက် တွေ့ဆုံပွဲ | ၉၁ |
| အခန်း (၁၇) အလုပ်သုံးခု | ၉၅ |
| အခန်း (၁၈) စစ်ထဲ ဝင်ခြင်း | ၁၀၃ |
| အခန်း (၁၉) ကျွန်တော့်ကို မွေးတဲ့နေ့ | ၁၁၇ |
| အခန်း (၂၀) သားလှမျက်ရှု | ၁၂၀ |
| အခန်း (၂၁) ကျွန်တော့်အသက်သခင် | ၁၂၄ |
| အခန်း (၂၂) မသေမျိုး | ၁၂၇ |
| အခန်း (၂၃) အဖေ့အစွမ်း အံ့မခန်း | ၁၂၉ |
| အခန်း (၂၄) အဖေ့အိပ်မက် | ၁၃၂ |
| တတိယပိုင်း | ၁၃၉ |
| အခန်း (၂၅) အဝယ်တော် | ၁၄၀ |
| အခန်း (၂၆) ဓာတ်သိမ်း | ၁၅၉ |
| အခန်း (၂၇) ဒဏ္ဍာရီ | ၁၇၀ |


mgyoe.com

mgyoe.com SAMPLE BOOK

## Daniel Wallace ရဲ့ Big Fish–Tim Burton ရဲ့ Big Fish
## လင်းခန့်ရဲ့ဒဏ္ဍာရီ

လင်းခန့်နဲ့ လူချင်းသိတာ မကြာသေးပေမယ့် စာကို သိနေခဲ့တာတော့ အတိုင်းအတာ တစ်ခု ကြာခဲ့ပြီ။ တကယ်တော့ လူချင်း ဆိုတာလည်း ခု ကပ်ကာလတွင်းမှာမှ ပုံရိပ်ယောင်ကမ္ဘာမှာ သိတာမျိုးပါ။ အရှင်လတ်လတ် အကောင်လိုက်ကြီးတွေ့၊ တစ်ယောက်ယောက်က မိတ်ဆက်ပေး၊ လက်ဆွဲနှုတ်ဆက်၊ စကားစမြည်ပြောပြီးမှသာ မိတ်ဆွေဖြစ်တယ် ဆိုတဲ့ ခေတ်ဟောင်း၊ ကမ္ဘာဟောင်းက စံတန်ဖိုးတွေ ကုန်ဆုံးခဲ့တာ ကြာပြီ ထင်ပါရဲ့။ ပုံရိပ်ယောင်ကမ္ဘာမှာတင် မိတ်ဆွေဖြစ်လို့ရ၊ စကားစမြည်ပြောလို့ရ၊ အလုပ်လုပ်လို့လည်း ရနေမင့်ကို၊ လူလူချင်း ကူးတတ်တဲ့ ကူးစက်ရောဂါကပ်ကြီး ဆိုက်တဲ့အခါ ဒီနေထိုင်မှု ဘဝဟာ ပိုလို့ အားကောင်းလာပြီး New Normal လို့တောင် အမည်တံဆိပ် ခတ်နှိပ်လိုက်ပြီပဲ။

ခေတ်ဟောင်းနဲ့ ကွာတာကတော့ ပုံရိပ်ယောင်ကမ္ဘာမှာ အစစ်အမှန်နဲ့ စိတ်ကူးယဉ်၊ ခံစားမှုအာရုံနဲ့ လက်တွေ့ အားလုံးဟာ ထွေးရောယှက်တင် ဖြစ်လို့နေတယ်။ Social Distancing and Work From Home ဆိုတဲ့ နေထိုင်မှုဘဝ

mgyoe.com

mgyoe.com SAMPLE BOOK

အသစ်မှာ အစည်းအဝေးကို အိပ်ရာထဲ ပက်လက်လှန် တက်ပြီး နေ့ခင်းကြောင် တောင် အိပ်မက်ယောင်ပြီး ထဆွေးနွေးနေလည်း ရုပ်မမြင်ရရင် ပကတိပုံမှန်လို ယုံထင်ကြောင်ထင် မြင်လို့ရတယ် မဟုတ်လား။

အဲဒီလို ပစ္စက္ခပကတိနဲ့ စိတ်ကူးအိပ်မက် ထွေးရောယှက်တင်ထားတဲ့ ပဥ္စလက်သရုပ်မှန် အမျိုးအစား ဝတ္ထုတစ်ပုဒ်ကို အမေရိကန်စာရေးဆရာကြီး Daniel Wallace ဟာ ၁၉၈၈ ခုနှစ်က ထုတ်ဝေခဲ့တယ်။ စာအုပ်နာမည်က Big Fish: A Novel of Mythic Proportions တဲ့။ အဲဒါ သူ့စာရေးဆရာဘဝရဲ့ ပွဲဦးထွက် ဝတ္ထုပါပဲ။ Edward Bloom (လင်းခန့် အလိုအရ အက်ဒွပ်ဘလွန်း) ဆိုတဲ့ လူတစ်ယောက်ရဲ့ ဘဝဇာတ်ကြောင်းပေါ့။

ဒီဝတ္ထုဟာ အင်မတန် အောင်မြင်တဲ့အတွက် ၂၀၀၃ ခုနှစ်မှာ Big Fish ဆိုတဲ့ နာမည်နဲ့ပဲ ဒါရိုက်တာ Tim Burton က ရုပ်ရှင်အဖြစ် အသက်သွင်းခဲ့တယ်။ Edward Bloom လူငယ်ဘဝကို Ewan McGregor, လူကြီးဘဝကို Albert Finney က သရုပ်ဆောင်တယ်။

စာချစ်သူတွေအဖို့ ရုပ်ရှင်တွေဟာ ဝတ္ထုကို ဘယ်တော့မှ မမီဘူး ဆိုတဲ့ ကောက်ချက်မျိုး ဆွဲတတ်ကြတယ်။ ကိုယ်စွဲလမ်း နှစ်သက်တဲ့ စာ၊ ဇာတ်လမ်း ဇာတ်ကွက်နဲ့ ဖြစ်ရပ်တွေကို စိတ်ကူး ပုံဖော်ထားတာနဲ့ ရုပ်ရှင်မှာ မြင်ရတာ ကွဲပြားခြားနားနေရာကနေ ဖြစ်လာတဲ့ အကောက်အယူမျိုး ထင်ပါရဲ့။ တကယ်တော့ ဝတ္ထုသွားအတိုင်း ရုပ်ရှင်ကို တစ်သဝေမတိမ်း ရိုက်ချင်လို့ ဘယ်ရပ့်မလဲ။ တင်ပြပုံ တင်ပြနည်း ကွာခြားတာပေါ့။ Yann Martel ရဲ့ Life of Pi ကို ဒါရိုက်တာ Ang Lee က Life of Pi နာမည်နဲ့ ရုပ်ရှင်ဖြစ်လာအောင် ဖန်တီးတဲ့အခါ ပိုင့်ရဲ့ ဘာသာရေးအယူအဆတွေ၊ ဘာသာရေးဆရာ သုံးယောက် ပင်လယ်ကမ်းခြေမှာ ပိုင့်ကိုမရအရလုကြတာတွေ၊ ပင်လယ်ထဲ မျောရင်း တစ်ယောက်တည်း တွေးနေတဲ့ ကဗျာလို နိမိတ်ပုံစကားအလှတွေ ဘာမှ မပါလာဘူး။ အဲဒီစကား စာအုပ်ထဲ မပါတဲ့ ဇာတ်လမ်း ဇာတ်ကွက်တွေကို ဖြည့်ပြီး အစားထိုးတယ်။ ဒါပေမဲ့ စာအုပ်ရော၊ ရုပ်ရှင်ပါ အင်မတန် စွဲမက်စရာကောင်းတဲ့ ပုံသဏ္ဌာန်နဲ့ အသီးသီး အသုံးတော်ခံခဲ့ကြတာပါပဲ။

Big Fish လည်း ထိုနည်းလည်းကောင်းပါပဲ။ Daniel Wallace ရဲ့ စွဲမက်ဖွယ် ပဥ္စလက် သရုပ်မှန်အရေးအသားတွေကို Tim Burton ဟာ စွဲမက်ဖွယ် အပြတွေနဲ့ အစားထိုးလိုက်တယ်။ တုတ်တုတ်ခိုင်ခိုင် Albert Finney ရဲ့ သရုပ်

mgyoe.com

mgyoe.com SAMPLE BOOK

ဆောင်ချက်တွေက သိပ်ကောင်းသလို ပါးပါးလျလျ Ewan McGregor ရဲ့ တုံဏှိဘာဝေ သရုပ်ဆောင်မှုကလည်း ကောင်းလှတယ်။ တစ္ဆေမြို့ကလေး Spectre ဆိုတာလည်း စာအုပ်ထဲ စိတ်ကူး ပုံဖော်ထားတာထက် ပိုပြီး ရင်သပ်ရှုမောမြင်သာအောင် ရိုက်ပြနိုင်ခဲ့တယ်။ စာအုပ်ထဲမှာ ဂျပန်အမြွာလို့ ရေးထားတာကိုရုပ်ရှင်မှာတော့ ပိုပြီး ဒရမ်မာဆန်အောင် ဗီယက်နမ် စစ်တွင်း အက်ဒွပ်နဲ့ ဆုံစည်းခဲ့တဲ့ ကချေသည် ရင်ချင်းဆက် ဗီယက်နမ် အမြွာလို့ ရိုက်ပြထားခဲ့တယ်။ ခြုံပြောရရင် တစ်ကားလုံး ပြောစရာမရှိအောင် ကောင်းတဲ့ ရုပ်ရှင်ပါပဲ။

အဲဒီလို စာအုပ်ရော ရုပ်ရှင်ပါ နာမည်ကြီးတဲ့ Big Fish ကို လင်းခန့်က ကျိတ်ပြီး ဘာသာပြန်နေခဲ့တယ်။ စာအုပ်အမည်ကို ဒဏ္ဍာရီလို့ သူ ပေးထားခဲ့တယ်။ တကယ်လည်း ဒဏ္ဍာရီဆန်ဆန် ပုံပြင်တွေနဲ့ တစ်သက်လုံး နေထိုင်သွားခဲ့တဲ့ အက်ဒွပ်ဘလွန်းရဲ့ ဇာတ်ကြောင်းကိုး။

ဒီစာအုပ်မှာ လင်းခန့်ရဲ့ အရေးအသားဟာ မျက်စိကတစ်ဆင့် ဦးနှောက်ထဲကို လျှောခနဲ လျှောခနဲ မြိန်ရေရှက်ရေ ဝင်သွားတဲ့ စကားပြော အရေးအသားမျိုး။ အင်မတန် ပြေပြစ်ချောမွေ့လှတယ်။ သူ့ထက် အရင် ဘာသာပြန်နေလို့ဘာသာပြန်စာရေးဆရာလို့ အမည်သညာခေါ်စရာဖြစ်နေတဲ့ ကျွန်တော့်အတွက်ဝမ်းသာပီတိ ဖြစ်ရတဲ့ အရေးအသားမျိုးပါပဲ။

နိုင်ငံခြားဘာသာ စကားတစ်ခုကနေ မိခင်ဘာသာစကားကို ပြောင်းလဲပြီး ရေးသားတာကို ဘာသာပြန်တယ်လို့ခေါ်ကြတာပေါ့။ သတင်း ဘာသာပြန်တာ၊ဆောင်းပါး ဘာသာပြန်တာ၊ စာတမ်း ဘာသာပြန်တာတွေမှာ မူရင်းဘာသာစကားကနေ မိခင်ဘာသာစကားကို အတိအကျ ဘာသာပြန်ဖို့ လိုတယ်ဆိုတာ ငြင်းစရာမရှိပေမယ့် ရသစာပေ၊ ဝတ္ထု၊ ကဗျာကို ဘာသာပြန်ဆိုရာမှာ အာရုံခံစားမှုနဲ့ရသကို သယ်ဆောင်လာနိုင်ဖို့က အဓိကလို့ ခံယူထားတဲ့အတွက် အဲဒီ ရသကိုသယ်ဆောင်နိုင်စွမ်း ရှိ မရှိ အာရုံခံစားမှုကို ရွှေ့ပြောင်းနိုင်စွမ်းရှိ မရှိနဲ့ တိုင်းတာတဲ့အခါ ကျွန်တော့်အဖို့တော့ လင်းခန့်ဟာ ကျေနပ်စရာ ရသဘာသာပြန် စာရေးဆရာတစ်ယောက်ပါပဲ။

အက်ဒွပ်ဘလွန်းနဲ့ ပတ်သက်လို့ လူတွေ ပြောကြတဲ့ စကားတစ်ခွန်းရှိတယ်။ အက်ဒွပ်ရဲ့ ရင်သပ်ရှုမော အံ့သြဖွယ်ရာ ဒဏ္ဍာရီ ပုံပြင်တွေဟာ သူ့ဘဝဇာတ်ကြောင်း ရိုးရိုးပြောတာထက် အဆပေါင်းများစွာ ဆွဲဆောင်မှုရှိလို့ အက်ဒွပ်ကို လူတွေ ချစ်ကြခင်ကြ မြတ်နိုးကြတာ တဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

Life of Pi မှာလည်း ဒီသဘောဆန်ဆန် တွေ့ခဲ့ရဖူးတယ်။ ပိုင်ပြန်ပြောပြတဲ့ ကျားကြီးနဲ့ ပင်လယ်ထဲ မျောနေခဲ့တဲ့ ဇာတ်ကြောင်းဟာ ကျားမပါတဲ့ ဇာတ်ကြောင်းထက် ပိုသဘောခွေ့စရာ ကောင်းတယ်လို့ ဝန်ခံရတဲ့ ဂျပန်သင်္ဘော ကုမ္ပဏီက စုံစမ်း စစ်ဆေးသူ ပြောခဲ့တဲ့ စကားဟာ ဒီသဘောပဲ။


အခြောက်တိုက် အချက်အလက်သက်သက်၊ ပျင်းရိငြီးငွေ့ဖွယ် ကိန်းဂဏန်း ရုပ်တွေကို ဘယ်သူမှ နားမထောင်ချင်ဘူး။ ဇာတ်လမ်းက ဆန်းကြယ်လေ လူ စိတ်ဝင်စားလေမို့ ပကတိအစစ်အမှန်သဘောနဲ့ စိတ်ကူးဇာတ်လမ်းဟာ တောင်ခိုးနဲ့ တိမ်လို ရောယှက်လိမ်နေတဲ့ အခြေအနေကို လူတွေ သဘောခွေ့ နှစ်ခြိုက်တတ်ကြတာပေါ့။

ဒီသဘောကို Daniel Wallace ရေးခဲ့တယ်။ Tim Burton ရုပ်ရှင်ရိုက်ခဲ့တယ်။ လင်းခနို့က ဒဏ္ဍာရီရယ်လို့ မြန်မာဘာသာပြန်ခဲ့ရာမှာ ဒီသဘောသဘာဝလေးကို မပျောက်မပျက်အောင် ထိန်းသိမ်းပြီး တယုတယ တစ်သွေးတစ်မွေး ရေးပြနိုင်ခဲ့တာကို တွေ့ရတဲ့အတွက် အတိုင်းထက်အလွန် ကျေနပ်ပီတိ ဖြစ်မိတယ်လို့ ပြောပါရစေ။

သင့်လူ

mgyoe.com

mgyoe.com SAMPLE BOOK



# မိတ်ဆက်

ဒယ်နီရယ်ဝေါလေ့စ်ကို အမေရိကန်နိုင်ငံ၊ အယ်လာဘားမားပြည်နယ်၊ ဘာမင်ဟမ်မြို့၌ ၁၉၅၉ ခုနှစ်တွင် မွေးဖွားခဲ့သည်။ အမ်မိုရီတက္ကသိုလ်နှင့် ချာပယ်ဟေးလ် ကယ်ရိုလိုင်းနားမြောက်ပိုင်း တက္ကသိုလ်၌ အစာနှင့် ဒဿနိက ဗေဒတို့ကို သင်ယူခဲ့သော်လည်း တစ်ပိုင်းတစ်စနှင့် ကျောင်းထွက်ကာ ဂျပန်နိုင်ငံ နာဂိုယာမြို့ရှိ ကုန်သွယ်ရေးကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်လုပ်ခဲ့သောကြောင့် ၂၀၀၈ ခုနှစ်ကျမှ ဘွဲ့ရသည်။ လက်ရှိတွင် ချာပယ်ဟေးလ် ကယ်ရိုလိုင်းနား မြောက်ပိုင်းတက္ကသိုလ်၊ အင်္ဂလိပ်စာဌာနတွင် ပါမောက္ခအဖြစ် သင်ကြားရင်း စာရေးသား လျက်ရှိသည်။ သူ၏ ပထမဆုံး ဝတ္ထုရှည်မှာ ၁၉၉၈ ခုနှစ်တွင် ထုတ်ဝေခဲ့သော Big Fish: A Novel Of Mythic Proportions ဖြစ်ပြီး လက်ရှိ အခြားဝတ္ထုရှည် ခုနစ်အုပ်နှင့် ဝတ္ထုတိုများစွာ ရေးသားခဲ့သည်။ ဤဝတ္ထုကို Big Fish အမည်ဖြင့် ၂၀၀၃ ခုနှစ်တွင် ဒါရိုက်တာ တင်မ်ဘာတန်(Tim Burton) က ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့သလို ချီကာဂိုတွင် တေးသံစုံ ပြဇာတ်အဖြစ် တင်ဆက်ကပြခဲ့ပြီး ရုရှား၊ ခရိုအေးရှား၊ ချက်ဖ်၊ ဒတ်ချ်၊ စပိန်၊ ပိုလန်၊ ဂျာမန်၊ ပေါ်တူဂီ၊ ပြင်သစ်၊ ဘူလ်ဂေးရီးယန်း၊ ပါရှား၊ တူရကီ အစရှိသည့် ဘာသာစကား ၂၃ မျိုးခန့်သို့ ပြန်ဆိုခဲ့ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရှေးမဆွက ကျွန်တော်ဘာသာပြန်ခဲ့ဖူးသည့် သစ်မိစ္ဆာခေါ်သံ (A Monster Calls)သည် မိခင်အပေါ် ထားရှိသော သားတစ်ယောက်၏ သောက ဟုဆိုလျှင် ဤဒဏ္ဍာရီ(Big Fish)သည် ဖခင်အပေါ် ထားရှိသော သားတစ်ယောက် ၏ သောက ဖြစ်ပါလိမ့်မည်။ သားသမီးတစ်ယောက်အနေဖြင့် သောကတို့ လျော့ပါးစေခြင်းငှာ တူညီသော ဒဏ်ရာရှိသည့်နည်းတူ ကော်နာအိုမယ်လီ့ကို တစ်နည်း နည်းဖြင့် ဝီလျံဘလွန်းနှင့် ဆုံစေချင်မိပါသည်။

ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ သက်ရှိထင်ရှား ကာလအတွင်းမှာ နှစ်အုပ်လုံးကို sadness of a son duology အဖြစ် ဘာသာ ပြန်ခဲ့မိသည့် အတွက်လည်း ကိုယ့်ကိုယ်ကိုယ် အတိုင်းမသိ ကျေနပ်ဝမ်းမြောက် မိသလို နှစ်အုပ်လုံးမှာ ကျွန်တော် စဉ်းစားမရသည့် စကားလုံးများကို အပူ ကပ်တိုင်းအမြဲကူခေါင်းခြောက်ခံပေးသည့် ကိုကျော်ဇောဝင်းခေါ် ဆရာကျော်စွာ (ဆေး-၂)ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ဤနေရာမှ ပြောကြားပါရစေ။

နောက်ဆုံးအကြိမ် ကားနဲ့ သွားဖြစ်တဲ့ ခရီးတစ်ခေါက်မှာပေါ့။ အဲဒီအချိန်မှာ အဖေက လူသားတစ်ယောက်အဖြစ် ဖြတ်သန်းခဲ့တဲ့ သူ့ဘဝကို အဆုံးသတ်ခါနီးပြီ။ ကျွန်တော်တို့ သားအဖနှစ်ယောက် ကားကို မြစ်တစ်စင်း နားမှာ ရပ်ပြီး မြစ်ကမ်းနဖူးမှာ လမ်းလေးဘာလေး ထွက်လျှောက်ကြတယ်။ နောက်တော့ ဝက်သစ်ချပင်အိုကြီးတစ်ပင်ရဲ့ အရိပ်အောက်မှာ ခဏတစ်ဖြုတ် ထိုင်နားတယ်။

တစ်အောင့်လောက် ကြာတော့ အဖေက စီးထားတဲ့ ဖိနပ်နဲ့ ခြေအိတ် ကို ချွတ်၊ တသွင်သွင် စီးဆင်းနေတဲ့ ရေကြည်ကြည်ထဲကို ခြေထောက်နှစ်ပြီး ရေထဲက သူ့ခြေထောက်ကို သူ့ဘာသာသူ ပြန်ကြည့်နေတယ်။ ပြီးတော့ မျက်လုံးမှိတ်ပြီး ပြုံးတယ်။ အဲဒီခဏမှာ အဖေပြုံးလိုက်တဲ့ အပြုံးမျိုးကို ကျွန်တော် တစ်သက် တစ်ခါမှ မမြင်ဖူးဘူး။

ရုတ်တရက် အဖေက ပင့်သက်အရှည်ကြီး ချပြီးတော့ "သတိတောင် ရတယ်"လို့ ပြောပြီး တစ်ပိုင်းတစ်စနဲ့ စကားရပ်သွားတယ်။

နောက်တော့ အကြာကြီး အတွေးဝင်နေတယ်။ ကျွန်တော်က အဖေ တော့ ဟာသတစ်ခုခု ပြောဖို့ စဉ်းစားနေတာ ဖြစ်မယ်လို့ ထင်လိုက်တယ်။ အဖေ့မှာ ပြောစရာ ဟာသတွေက အမြဲတမ်း ရှိနေတတ်တာကိုး။ ဒါမှမဟုတ်လည်း သူ့ဘဝမှာ ကြုံခဲ့ရတဲ့ သူရဲကောင်းဆန်ဆန် စွန့်စားခန်းတွေအကြောင်း ဇာတ်လမ်း

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ပုဒ် လုပ်ပြောချင်ပြောလိမ့်မယ်။ အဖေ ဘာကို သတိရသွားတာလဲ ကျွန်တော် သိချင်မိတယ်။ ကုန်မာဆိုင်က ဘဲအကြောင်းလား။ အရက်ဆိုင်က မြင်းအကြောင်းလား။ လူပိစိကွေးလေး အကြောင်းလား။ သူ မြင်ခဲ့ရတဲ့ ဒိုင်နိုဆောဥကြီး ရှာမတွေ့တော့တဲ့ အကြောင်းလား။ ဒါမှမဟုတ် သူတစ်ပတ်လောက် အုပ်ချုပ်မင်းလုပ်ခဲ့ရတဲ့ တိုင်းပြည်အကြောင်းလား။


အဖေက "ငါ ငယ်ငယ်တုန်းက အကြောင်းကို သတိတောင် ရတယ်"

အိုမင်းရင့်ရော်နေတဲ့ ခြေဖဝါးဖြူဖြူနဲ့ စီးနေတဲ့ စမ်းရေထဲ ဆင်းမတ်တတ်ရပ်နေတဲ့ အဖေ့ကို ကျွန်တော် ငေးကြည့်နေမိတယ်။ ဒါဟာ အဖေ့ဘဝရဲ့ နောက်ဆုံးသော အခိုက်အတန့်တွေထဲက တစ်ခုပဲ။ ရုတ်တရက် ကျွန်တော့်ရှေ့က အဖေ့ကို ပျိုမျစ်ငယ်ရွယ်တဲ့ ကောင်လေးတစ်ယောက်အဖြစ် ကျွန်တော့်နေရာကနေ ရိုးစင်းစွာ မြင်ယောင်ကြည့်မိတယ်။ အရင်တုန်းက တစ်ခါမှ အဲဒီလို မြင်ယောင်မကြည့်မိဖူးဘူး။ အဖေ့ရဲ့ အိုမင်းရင့်ကျက်တဲ့ သေခါနီးဆဲဆဲ အခုပုံနဲ့ ငယ်ရွယ်နုပျိုပြီး အရိုင်းဆန်တဲ့ အရင်တုန်းက ပုံရိပ်တွေကို တစ်ပြိုင်တည်း စုစည်းပုံဖော်ကြည့်လိုက်တဲ့အခါ အဖေ့ကို ထူးဆန်းတဲ့ သတ္တဝါတစ်ကောင်အဖြစ် မြင်ယောင်မိတယ်။

ကျွန်တော့်အတွက်တော့ အဖေဟာ ဒဏ္ဍာရီတစ်ပုဒ် ဖြစ်လာခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com
SAMPLE BOOK

# ပထမပိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

# အဖေ့ကို မွေးတဲ့ နေ့

နှစ်လေးဆယ်အတွင်း အပူဆုံး ဆိုတဲ့ နွေရာသီတစ်ခုမှာ အဖေ့ကို မွေးတယ်။ နေပူလွန်းလို့ အယ်လာဘားမားရဲ့ ရွှံ့မြေနီနီက ဖုန်တသောသော ထနေတယ်။ မိုင်ပေါင်းများစွာ ဝေးတဲ့အထိ ရေမရှိဘူး။ အစာရေစာလည်း ပြတ်ကုန်တယ်။ အဲဒီနွေမှာ ပြောင်းဖူးလည်း မဖြစ်ထွန်း၊ ခရမ်းချဉ်သီးလည်း စိုက်မရနဲ့ သခွားမွေး တောင် မသီးဘူး။ ထိုင်းမှိုင်းပြီး ဆွတ်ဆွတ်ဖြူတဲ့ ကောင်းကင်အောက်မှာ အပင် တွေ အကုန် တွန့်လိမ်ရှုံ့တွလို့ အရာအားလုံး သေကုန်ကြတယ်။ ပထမဆုံး ကြက်ကလေးတွေ သေတယ်။ နောက် ကြောင်တွေ၊ ဝက်တွေ၊ ခွေးတွေ အကုန်လုံး အရိုးထိအောင် အပူငွေ့နဲ့ အနှပ်ခံထားရသလိုပဲ။

လူတစ်ယောက်ဆို စိတ်နောက်ပြီး ခဲလုံးတွေ စားလို့ သေသွားတယ်။ အဲဒီလူက လေးလွန်းလို့ သင်္ချိုင်းမြေပုံဆီ လူဆယ်ယောက် ထမ်းသယ်ရတယ်။ နောက်ဆယ်ယောက်က တွင်းတူးပေးတယ်။ မြေပုံကလည်း ခြောက်ကပ်နေတာ ပါပဲ။

mgyoe.com

mgyee.com
SAMPLE BOOK


လူတွေခမျာ အရှေ့အရပ်ကို ကြည့်ရင်း 'မြစ်ထဲမှာ လှေစီးတာကိုတောင် သတိရ သေးရဲ့လား'လို့ ဆိုသူက ဆို၊ အနောက်အရပ်ကို ကြည့်ရင်း 'တဲလ်ဘတ်ရေအိုင် ကိုကော မှတ်မိသေးရဲ့လား'လို့ ပြောသူက ပြောနဲ့။

အဖေ့ကို မွေးတဲ့ နေ့က အဲဒီလိုနေ့ထဲက တစ်နေ့ပါပဲ။ မနက်ဘက် ထွက်လာတဲ့နေက သစ်သားအိမ်လေးကို ငုံ့ကြည့်တယ်။ အိမ်ထဲမှာ ပုတ်လောက် ကြီးတဲ့ ကိုယ်ဝန်နဲ့ အိမ်ရှင်မတစ်ယောက်က လင်ယောကျ်ားအတွက် နောက်ဆုံး ကျန်တဲ့ ကြက်ဥလေးတစ်လုံးကို မနက်စာအဖြစ် မွှေကြော်လုပ်နေတယ်။ လင်သည် ကတော့ အမြစ်တွေ မညည်းနက်တွန့်လိမ်နေတဲ့ သီးနှံစိုက်ခင်းကို ဖုန်တသောသော ထအောင် ထယ်ထိုးရင်း လယ်ကွင်းထဲ ရောက်နေပြီ။

နေပူချက်က မျက်စိကျိန်းမတတ် စူးလက်နေတယ်။ ယောကျ်ား ဖြစ်သူက ကြက်ဥကြော် စားဖို့ အိမ်ထဲ ပြန်ဝင်လာတယ်။ နဖူးက ချွေးကို အပြာရောင် လည်စည်းပဝါအစုတ်နဲ့ သုတ်ပြီး သံခွက်ဟောင်းတစ်လုံးထဲ အရည်ညှစ်ချတယ်။ ဒါမှ နောက်လိုရင် သောက်စရာတစ်ခုခု ရမှာကိုး။

အဖေ့ကို မွေးတဲ့ နေ့က အဘွားခမျာ ခေတ္တခဏ နှလုံးခုန် ရပ်သွားခဲ့ တယ်။ နောက်မှ ပြန်ခုန်လာပြီး အသက်ချမ်းသာရာ ရခဲ့ရှာတယ်။ အသက်နဲ့ခန္ဓာ ခဏလောက် အဆက်ပြတ် ကင်းကွာသွားချိန်မှာ သူမကိုယ်သူမ ပြန်မြင်ခဲ့ရ တယ်တဲ့။ ဗိုက်ထဲမှာ ရှိနေတဲ့ အဖေ့ကိုလည်း မြင်ရတယ်။ အဲဒီအချိန်မှာ အဖေ့ တစ်ကိုယ်လုံးက ဝင်းလက်တောက်ပနေသတဲ့။ လိပ်ပြာပြန်ကပ်သွားတဲ့ အခါ မှာတော့ တစ်ကိုယ်လုံး နွေးနေတာကို ခံစားရတယ် ဆိုပဲ။ အဘွားပါးစပ်က 'မွေးတော့မှာပါလား'လို့ ရေရွတ်နေမိတယ် တဲ့။

အဘွား ပြောတာ မှန်တယ်။

အဖေ့ကို မွေးတဲ့ နေ့မှာ နေမင်းကြီးကို တစ်ယောက်ယောက်က တိမ်တစ်စနဲ့ လာဖုံးလိုက်သလို မှောင်ကျသွားလို့ လူတွေ အပြင်ထွက် ကြည့် ကြတယ်။ တိမ်လေးတစ်အုပ် ရွေ့လျားသွားတာကြောင့် ခြောက်သယောင်းနေတဲ့ အိမ်ခြေ ယာမြေတွေပေါ် အရိပ်ထိုးကျလာတာကို ထွက်ကြည့်ရင်း ပထမ တစ်ယောက်၊ နှစ်ယောက်၊ နောက် တစ်စတစ်စနဲ့ ချက်ချင်း လူငါးဆယ်လောက် ဖြစ်သွားတယ်။ အဘိုးလည်း ပါတာပေါ့။ အဲဒီကာလအတွင်းမှာ ပထမဆုံး မြင်ရတဲ့ တိမ်တိုက်စစ်စစ်ကိုး။

mgyee.com

mgyoe.com

SAMPLE BOOK


အဲဒီတိမ်ကို ထွက်မကြည့်တဲ့ တစ်ဦးတည်းသော သူကတော့ အဖေ့ရဲ့ အမေ၊ အိမ်ရှင်မပါပဲ။ အိမ်ရှင်မဟာ ဗိုက်နာလွန်းလို့ ကြမ်းပြင်ပေါ်မှာ လူးလိမ့်နေရရှာတယ်။ အော်ဟစ်ဖို့ ဝေးစွ၊ အသက်ကိုတောင် အနိုင်နိုင် ရှူနေရတယ်။ စိတ်ထဲမှာ အော်နေတယ်လို့ ထင်နေပေမယ့် တကယ်တမ်းမှာ ပါးစပ်သာ အကျယ်ကြီး ဟရင်း အသံက ထွက်မလာဘူး။ ယောကျ်ားလုပ်သူကိုလည်း ဘယ်ရောက်နေပါလိမ့်လို့ တွေးရင်း အသံမထွက်တဲ့ ပါးစပ်ကြီး တဟဟနဲ့ အော်ခေါ်နေမိတယ်။

အဘိုးကတော့ အပြင်မှာ တိမ်ထွက်ကြည့်နေတယ်။ တိမ်ဆိုရုံ တစ်စ တစ်မျှင် မဟုတ်ဘဲ ခြောက်သယောင်းနေတဲ့ လယ်မြေတွေပေါ် ညို့မှိုင်းအုပ်ဆိုင်း သွားစေတဲ့ တိမ်တိုက်ကြီးပါပဲ။ အဘိုးက သူ့ရဲ့ မြက်ခမောက်လေး ချွတ်၊ မျက်မှောင်လေး ကြုတ်ပြီး အိမ်တံစက်မြိတ်ကျော်အောင် ခြေတစ်လှမ်း လှမ်းထွက်ရင်း သေချာမော့ကြည့်တယ်။

တိမ်က လေညင်းကိုပါ သယ်ဆောင်လာတယ်။ မျက်နှာပေါ် ညင်ညင် သာသာ တိုက်သွားတဲ့ လေတဖြူးဖြူးကြောင့် နေလို့ ထိုင်လို့ ကောင်းလာတယ်။ နောက်တော့ ဂျိန်းခနဲ မိုးခြိမ်းသံကြီးတစ်ချက်ကို ကြားရတယ်။ မဟုတ်လည်း ကြားရတယ်လို့ ထင်လိုက်မိတာ နေမယ်။ ဒါပေမဲ့ သူ တကယ်ကြားရတာက မိန်းမဖြစ်သူ ဆောင့်ကန်လိုက်လို့ စားပွဲခုံကြီး အုန်းခနဲ လဲကျသွားသံပါ။ အဲဒီအသံက မိုးခြိမ်းသံနဲ့ အတော်လေး ဆင်တယ်လေ။ မိုးခြိမ်းရင်လည်း အဲဒီလို အသံပဲ ထွက်တာကိုး။

အဘိုးက လယ်ကွင်းထဲ ခြေတစ်ဖက် လှမ်းလိုက်စဉ်မှာပဲ–

'ယောကျ်ားရေ...''ဆိုတဲ့ အိမ်ရှင်မရဲ့ ရင်ခေါင်းထဲက ခြစ်ပြီး အော်လိုက်တဲ့ အသံထွက်လာတယ်။ ဒါပေမဲ့ သိပ်နောက်ကျသွားပါပြီ။ လင်သည်က အဝေးကြီး ရောက်သွားပြီမို့ တစ်စွန်းတစ်စတောင် မကြားတော့ပါဘူး။

အဖေ့ကို မွေးတဲ့ နေ့က မြို့ထဲက လူတွေ အကုန်လုံး လယ်ထဲ ဆင်းပြီး တိမ်ထွက်ကြည့်ကြတယ်။ တိမ်တစ်အုပ်ဟာ တဖြည်းဖြည်း ဝေလငါးအရွယ်အထိ ပြန့်ကား ကြီးမားလာတယ်။ တိမ်အုပ်ထဲမှာ ပြိုးပြက်ဝင်းလက်နေတဲ့ အဖြူရောင် အလင်းတန်းတွေ တဖျပ်ဖျပ် လက်နေတယ်။ ရုတ်တရက် အဖြူရောင် အလင်း တန်းကြီး လက်ခနဲ ဖြစ်သွားပြီး ထင်းရှူးပင်တွေရဲ့ ထိပ်ဖျားကို မိုးကြိုးပစ်ချတယ်။ အပြင်က အရပ်ရှည်ရှည် ကလန်ကလားနဲ့ လူတချို့ ရုတ်ရုတ်သဲသဲ ဖြစ်သွား

mgyoe.com

mgyoe.com
SAMPLE BOOK


တာပေါ့။ ထင်းထင်းကြီး ဖြစ်နေတဲ့ သူတို့ကိုပါ မိုးကြိုးပစ်သွားရင် ဘယ်လို လုပ်မလဲ။ ဒီတော့ သတိလေး ဘာလေးထားပြီး စောင့်ကြည့်နေကြရတယ်။

အဖေ့ကို မွေးတဲ့ နေ့က အဲဒီလိုတွေ ဖြစ်ကုန်တာပဲ။

လင်သည်က ဖခင်ဖြစ်သွားတယ်။ အိမ်ရှင်မလည်း မိခင် ဖြစ်သွားတယ်။ အက်ဒ္ဒပ်ဘလွန်း ဆိုတဲ့ အဖေ့ကို မွေးတဲ့နေ့မှာ မိုးရွာတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)

# တိရစ္ဆာန်များနှင့် စကားပြောခြင်း

အဖေက တိရစ္ဆာန်တွေနဲ့ သိပ်ယဉ်တယ်လို့ လူတိုင်းက ပြောကြတယ်။ အဖေ ငယ်ငယ်ကဆို ရက်ကွန်းရှဉ့်တွေ သူ့လက်ပေါ် အစာလာစားကြတယ်။ အဘိုးကို လယ်ထဲ လိုက်ကူရင် အဖေ့ပခုံးပေါ် ငှက်တွေ လာနားကြတယ်။ တစ်ညဆို အဖေ့ပြတင်းပေါက်ဘေး အိမ်အပြင်ဘက်မှာ ဝက်ဝံတစ်ကောင် လာအိပ်နေဖူးတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အဖေက မာဂဓစကား တတ်တယ်လေ။

မြင်းတွေ၊ နွားတွေ အဖေ့ကို ချစ်ပုံကျတော့ တစ်မျိုး။ သူသွားတဲ့နောက် တကောက်ကောက် လျှောက်လိုက်ပြီး ပခုံးကို နှာနုနဲ့ ပွတ်လိုက်၊ စကားပြောသလို မျိုး တရှူးရှူး နှာမှုတ်လိုက်နဲ့ လုပ်နေတော့တာ။

တစ်ခါကဆို ကြက်မတစ်ကောင် အဖေ့ပေါင်ပေါ် တက်ပြီး ညို့တိုတို ကြက်ဥတစ်လုံး ဥချသွားပါလေရော။ အဲဒီလို အဖြစ်မျိုး တစ်ခါမှ မမြင်ဖူးဘူး။ ဘယ်သူမှလည်း ကြုံဖူးမှာ မဟုတ်ဘူး။



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၃)

## အယ်လာဘားမားမှာ နှင်းကျတဲ့ နှစ်

အရင်တုန်းက အယ်လာဘားမားမှာ တစ်ခါမှ နှင်းမကျဖူးဘူး။ ဒါပေမဲ့ အဖေ့ အသက် ကိုးနှစ်ပြည့်တဲ့ တစ်ခုသော ဆောင်းတွင်းမှာတော့ နှင်းတွေ ကျပါလေရော။ အဖတ်လိုက် ကျတဲ့ အဖြူရောင် နှင်းပွင့်တွေကြောင့် မြင်မြင်သမျှ ရှုခင်းတွေခမျာ အေးခဲတောင့်တင်းကုန်ပြီး နောက်ဆုံး ရေခဲပြင်ကြီး ဖြစ်သွားလိုက်တာများ မာကျောလွန်းလို့ တူးလို့တောင် မရတော့ဘူး။ ဆီးနှင်းမုန်တိုင်းကြောင့် လူတွေလည်း အိမ်တွင်းက မထွက်ရဲကြဘဲ ငုတ်တုတ်ထိုင်သေဖို့ပဲ စောင့်နေကြရတယ်။

အက်ဒွပ်က သန်မာတောင့်တင်းပေမယ့် စကားနည်းတယ်။ ပန်းကန်ဆေး၊ အဝတ်လျှော် အိမ်အလုပ်တို့၊ ခြံစည်းရိုး ခတ်စရာတို့၊ နွားကျောင်းတာတို့ စတဲ့ လုပ်စရာ ရှိတာကိုလည်း ဖအေက မခိုင်းရဘဲ သူ့အသိနဲ့သူ လုပ်တတ်တယ်။ စနေနေ့ ညနေကနေ နောက်နေ့မနက်အထိ နှင်းကျခါစကတော့ အက်ဒွပ်တို့ သားအဖနှစ်ယောက် နှင်းလူလုပ်တမ်း၊ နှင်းမြို့တော်လုပ်တမ်း ကစားလိုက်သေး

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ နောက်ပိုင်း နှင်းတွေ မရပ်မနား ကျလာတော့မှ အန္တရာယ်ရှိပုံရမှန်း သဘောပေါက်ကြတယ်။ အက်ဒွပ် လုပ်တဲ့ နှင်းလူကြီးက ဆယ့်ခြောက်ပေတိတိ မြင့်တယ် ဆိုပဲ။ အဲဒီအမြင့်လောက် ရောက်ဖို့ အက်ဒွပ်က ထင်းရှူးကိုင်းတွေ၊ ပူလီကြိုးတွေနဲ့ ကိရိယာတစ်ခု တည်ဆောက်ပြီး လိုသလို ပုံဖော်ခဲ့ရတယ် တဲ့။ နှင်းလူရဲ့ မျက်လုံးကို နှစ်ပေါင်းများစွာ စွန့်ပစ်ထားတဲ့ ဝက်ဂွန်းကားဘီးတွေ တပ်လိုက်တယ်။ နှာခေါင်းကစပါးကျီထိပ်ဖျားလောက်မြင့်တယ်။ ပါးစပ်ကိုတော့ နှင်းလူက ဆွေးထွေးကြည်နူးစရာ တစ်ခုခုကို တွေးပြီး ပြုံးစစ လုပ်နေတဲ့ ပုံ ဖြစ်အောင် ဝက်သစ်ချအခေါက် တပ်လိုက်တယ်။

မိခင်ဖြစ်သူက အိမ်ထဲမှာ ချက်ပြုတ်နေတာမို့ မီးခိုးခေါင်းတိုင်က အခိုးတလူလူ ထွက်နေတယ်။ အိမ်အပြင်ဘက်က တချွတ်ချွတ် အသံတွေ ခပ်သဲ့သဲ့ ကြားပေမယ့် ကိုယ့်အလုပ်နဲ့ ကိုယ် ရှုပ်နေလို့ လှည့်တောင် မကြည့် အားတာများ သားအဖနှစ်ယောက် အိမ်ထဲ ပြန်ဝင်လာတဲ့အထိပဲ ဆိုပါတော့။ နာရီဝက်လောက် ကြာတော့ ခင်ပွန်းသည်က–

"အရေးတော့ ပေါ်ပြီဟေ့" လို့ ဆိုတော့မှ

"ပြောစမ်းပါဦး၊ ဘာအရေးတုံးတော့်" လို့ ပြန်မေးရတယ်။

အဲဒီအချိန်မှာတင် နှင်းတွေ ဆက်တိုက်ကျလာလိုက်တာ အိမ်ပေါက်ဝပါ ပိတ်ဆို့လာလို့ ဖခင်ဖြစ်သူက ဂေါ်ပြားတစ်လက်နဲ့ ကော်ပြီး လမ်းဖော်ရပြန်တယ်။ အဖေဖြစ်သူက ကော်ထုတ်လိုက်၊ နှင်းတွေက ကျလာလိုက်၊ ကော်ထုတ်လိုက်၊ ပြန်ကျလာလိုက်နဲ့ နှင်းပုံကြီးက တဲခေါင်မိုးထိလုနီးပါး ရောက်လာလို့ အိမ်အမိုးတောင် တကျွီကျွီ မြည်လာပါလေရော။ အက်ဒွပ်ကတော့ ထိုင်ကြည့်နေတာပေါ့။ အမေက နှင်းပုံကြီး သူတို့လင်မယား အိပ်ခန်းထဲအထိ ကျွံဝင်လာတာ တွေ့တော့ အိမ်ထဲမှာ နေလို့ မဖြစ်ချေဘူးလို့ တွက်တယ်။

ဒါပေမဲ့ ဘယ်သွားနေကြမတုံး။ တစ်လောကလုံး ဆွတ်ဆွတ်ဖြူခဲနေတဲ့ ရေခဲပြင်ကြီး ဖြစ်နေပြီလေ။ အမေက ချက်ထားတဲ့ စားစရာတွေကို စောင်တစ်ထည်နဲ့ စုထုပ်တယ်။

အဲဒီညက သူတို့တစ်တွေ သစ်ပင်အောက်မှာ နေရတယ်။

နောက်နေ့က တနင်္လာနေ့။ နှင်းကျတာ ရပ်ပြီး နေထွက်လာပေမယ့် အပူချိန်က သုညဒီဂရီအောက် ရောက်တုန်းပဲ။ အမေက–

"သား ကျောင်းသွားချိန် ရောက်ပြီမဟုတ်လား အက်ဒွပ်" လို့ မေးတော့

mgyoe.com

mgyoe.com
SAMPLE BOOK


သူက–

"ဟုတ်မယ် ထင်တယ်" က လွဲပြီး ဘာမှ ပြန်မပြောဘူး။

အက်ဒွပ်က အဲဒီလို ကလေးမျိုး။

မနက်စာ စားပြီးတော့ သစ်ပင်ပေါ်က ဆင်း၊ ခြောက်မိုင်ဝေးတဲ့ ကျောင်းသေးသေးလေးဆီ လမ်းလျှောက်သွားတယ်။ လမ်းမှာ ရေခဲတုံးထဲ ခဲသေနေတဲ့ လူတစ်ယောက်ကို တွေ့တော့ သူတောင် ကြက်သေသေပြီး ရပ်ကြည့်မိလိုက်သေးတယ်။

ကျောင်းဆရာကြီးကတော့ ထင်းပုံပေါ် ထိုင်ပြီး စာဖတ်နေလေရဲ့။ ကျောင်းလေးကတော့ နှင်းတောထဲ မြုပ်နေတာ မိုးလေဝသညွှန်တံပဲ မြင်ရတော့တယ်။

"မောနင်း အက်ဒွပ်"

"မောနင်း ဆရာ"

အဲဒီမှာ မောင်အက်ဒွပ် တစ်ယောက် အိမ်စာ မလုပ်ရသေးတာကို သတိရသွားလို့ အိမ်ပဲ ပြန်လာလိုက်တော့တယ်။

ဒါ တကယ်ဖြစ်ခဲ့တဲ့ ဇာတ်လမ်းပါ။

❂

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၄)

# အကောင်ဖြစ်လာမယ့် သူ

အက်ဒွပ်က လူတွေရဲ့ နာမည်တို့၊ မျက်နှာတို့၊ အကြိုက်ဆုံး အရောင်တို့ကို ဘယ်တော့မှ မမေ့ဘူးလို့ ဆိုကြလေရဲ့။ အသက်ဆယ့်နှစ်နှစ်မှာတင် သူ့မြို့က လူတိုင်းကို လမ်းလျှောက်လာလို့ ဖိနပ်သံ ကြားတာနဲ့ ဘယ်သူမှန်း တန်းသိနေတတ်တယ်။

အရပ်ရှည်ချက် ဆိုတာလည်း မြန်မှမြန်။ တစ်လပြီး တစ်လ သိသိသာသာကို ရှည်ထွက်လာတာမို့ အိပ်နေကျ ခုတင်တောင် မဆံ့တော့ဘူး။ အရပ်က ဘယ်လောက်အထိ ရှည်လိုက်မဟဲ့လို့ မှန်းထားလဲတော့ မသိဘူး၊ အရပ်ရဲ့ ရည်မှန်းချက်ပန်းတိုင်ကို အရိုးတွေရဲ့ ကယ်လ်စီယမ် ထွက်နှုန်းက အမီမလိုက်နိုင်ဘူး ထင်တယ်။ သူ့ခမျာ မတ်တတ်ရပ်ဖို့ကြိုးစားရင် နွယ်ကြိုးကြီးတစ်ချောင်းလို တိုးလိုးတွဲလောင်း ဟိုတွဲသည်ခိုနဲ့ ကြမ်းပြင်ပေါ် အပုံသား လဲကျသွားတတ်တယ်။ ဒါကြောင့် အိပ်ရာပေါ်မှာပဲ အနေများတယ်။

ဒါပေမဲ့ အက်ဒွပ်ဘလွန်းက စာဖတ်ရင်း အချိန်ကို အကျိုးရှိရှိ အသုံးချပါတယ်၊ အက်ဂ်လန်း ဆိုတဲ့ မြို့လေးမှာ ရှိသမျှ ထောင်နဲ့ချီတဲ့ စာအုပ်တွေ အကုန်လုံး

mgyoe.com

m e . c o m

နီးပါး ဖတ်ပစ်လိုက်တယ်။ တချို့ကတော့ စာအုပ်ပေါင်း တစ်သောင်းလို့ ပြောတာပဲ။ သမိုင်း၊ အနုပညာ၊ ဒဿနိကဗေဒ၊ ဟိုရေးရှိုးအယ်လ်ဂါ၊ ဘာဖြစ်ဖြစ် အကုန်ဖတ်တယ်။ တယ်လီဖုန်း စာအုပ်တောင် မချန်ပါဘူး။

သူဟာ လူတကာထက် ပိုသိ၊ ပိုတတ်ပါပေတယ်လို့ ဆိုကြတယ်။ စာကြည့်တိုက်မှူး မစ္စတာပင့်ခ်ဝါးတား ကတောင် ပြောတယ်ဗျာ။

ဒါကြောင့်မို့လည်း ဆရာကြီး ဖြစ်ခဲ့တာ၊ အနူတောမှာတော့ လူချော ပေါ့။ အခုထိပါပဲလေ။

❑

## အဖေ့မရဏာခရီး ပြကွက် (၁)

ဖြစ်ပုံက ဒီလို။ ကျွန်တော်တို့ မိသားစုဆရာဝန်ကြီး ဒေါက်တာဘန်းနက်က ညှော်ခန်းထဲက မသိမသာ ထလာပြီး သူ့နောက်က တံခါးကို အသာလေး ပိတ်တယ်။ တစ်နေ့တခြား အိုမင်းရင့်ရော်လာပေမယ့်လို့ ဒေါက်တာဘန်းနက်က ကျွန်တော် တို့ရဲ့ ထာဝရဆရာဝန်ကြီးပါပဲ။ မွေးပြီးလို့ ချက်ကြိုးဖြတ်ပြီး တုန်ယင်နေတဲ့ နီတာ ရဲလေး ကျွန်တော့်ကို အမေ့ဆီ လက်ကမ်းပေးကတည်းက ဘေးနားမှာ သူရှိနေ ခဲ့တာ။ ကျွန်တော်တို့ကို ရောဂါပေါင်း ဒါဇင်ချီအောင် ကုပေးခဲ့ဖူးသလို ဇရာ ထောက် လာပေမယ့်လည်း အနားမှာ တစ်ဖဝါးမခွာဘဲ နှစ်သိမ့် တိုင်ပင်ပေးနေတုန်းပဲ။ သူက အဖေ့အခန်းထဲက ထွက်လာပြီး နားက နားကြပ်ကို ဖြုတ်၊ ကျွန်တော်တို့ သားအမိကို ကြည့်ရင်း ခေါင်းခါပြီး လေသံခပ်အက်အက်နဲ့ "ငါလုပ်ပေးနိုင်တာ ဘာမှ မရှိတော့ဘူးကွယ်" လို့ ပြောတယ်။

ဒေါက်တာဘန်းနက်က လက်မြှောက်ပြချင်ပေမယ့် အဲဒီလောက်ထိ မြှောက်မပြနိုင်အောင် အိုနေပြီ။

"စိတ်မကောင်းပါဘူးကွယ်၊ တကယ်ကို စိတ်မကောင်းဘူး၊ အက်ဒွပ် ကို ပြောချင်တာ ရှိရင် အခုနေ ပြောလိုက်တာ အကောင်းဆုံးပါပဲ"

ဒီလိုဖြစ်လာမယ်လို့ မျှော်လင့်ထားပြီးသားပါ။ အမေက ကျွန်တော့် လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်းက အားတင်းပြီး ပြုံးတယ်။ ဒီအချိန်ဟာ အမေ့

m . y o e . c o m

mgyoe.com

အတွက်လည်း သိပ်တော့ လွယ်လှတာ မဟုတ်ဘူး။ ပြီးခဲ့တဲ့ လတွေကတည်းက အမေလည်း လူရော စိတ်ပါ ထိုးကျသွားပြီး စိတ်နဲ့ လူနဲ့ မကပ်တော့ဘူး။ တစ်ခုခုကို ကြည့်နေပေမယ့်လည်း မြင်ပုံ မရဘူး။ အမေ့ကို ကြည့်လိုက်တော့ သူ့ကိုယ်သူတောင် ဘယ်သူမှန်း မသိသလိုလို၊ ဘယ်ရောက်နေမှန်း မသိသလိုလို အသိစိတ်ပျောက်နေတဲ့ အသွင်နဲ့။

အဖေ အိမ်ပြန်ရောက်ပြီး အသည်းအသန် ဖြစ်ကတည်းက ကျွန်တော်တို့သားအမိရဲ့ ဘဝလည်း ပြောင်းလဲကုန်တာပဲ။ အဖေ့ရဲ့ နောက်ဆုံးအချိန် ဆိုတဲ့အသိက ကျွန်တော်တို့ကိုလည်း သတ်နေတာပါပဲ။ နေ့တိုင်း ရှုံးတက်နေသလိုမျိုးရေကန်နောက်က မြေကွက်လပ်ထဲမှာ သူ့အုတ်ဂူ သူ သွားသွားတူးတယ်။ တစ်ခါတည်း အပြီးတူးတာတော့ ဘယ်ဟုတ်မလဲ။ တစ်နေ့ နည်းနည်းစီပေါ့။ အဲဒါသွားသွားတူးနေလို့ ပင်ပန်းတာကြောင့်လား၊ ဒါမှမဟုတ် အမေက လုပ်ပါ၊ လုပ်ပါ အမြဲပြောနေရတဲ့ ဓာတ်ကင်ကုထုံးကြောင့်လားတော့ မသိဘူး၊ အဖေ့မျက်လုံးအောက်မှာ အရစ် အရစ် ထလာတယ်။ ညနေတိုင်း မြေတူးပြီး ပြန်လာရင် လက်သည်းတွေမှာလည်း ကြေးလက်လေးသစ်နဲ့ ကုလားထိုင်မှာ ဝင်ထိုင်၊ သတင်းစာကောက်ကိုင်ပြီး “အင်း၊ ဒီနေ့တော့ နောက်တစ်လက်မ ထပ်တူးလာခဲ့ပြီ” လို့ ပြောမယ်။ အဲဒီအခါ အမေက “သိလား၊ နင့်အဖေတော့ နောက်တစ်လက်မ ထပ်တူးလာခဲ့ပြန်ပြီတဲ့ ဝီလျံရေ” လို့ ပြောမယ်။ ကျွန်တော်က “ကောင်းတာပေါ့ အဖေရ၊ သားကူပေးစရာ ရှိလည်း ပြောလေ”လို့ ပြောမယ်။ အခုလောလောဆယ် တော့ –

“သား အရင်ဝင်လိုက်မယ်နော် အမေ”

“ငါအရင် ဝင်ပျံမယ်အေ။ တော်ကြာ...”

တော်ကြာ အဖေ ဆုံးတော့မယ်ဆို အမေ လှမ်းခေါ်ပါ့မယ်လို့ ပြောမှာလား။ ကျွန်တော်တို့ စကားပြောရင် အဲဒီလိုပဲ။ တမလွန်နယ်မြေထဲ ရောက်နေလို့လားတော့ မသိဘူး၊ စကားကို ဆုံးအောင် မပြောရဘူး။ စကားရဲ့ အဆုံးသတ်ကို အလိုလို သိနေတာပဲလေ။

အမေက အခန်းထဲ ထသွားတယ်။ ဒေါက်တာဘန်းနက်က ခေါင်းတခါခါနဲ့ မျက်မှန်ကို ချွတ်ပြီး အနီနဲ့ အပြာ အစင်းကျားထားတဲ့ နက်တိုင်နဲ့ သုတ်တယ်။ ကျွန်တော်က သူ့ကို ကြည့်ပြီး အံ့အားသင့်သွားတယ်။ သူ တော်တော် အိုနေပြီပဲ။

mgyoe.com

mgoode.com

အိုတာမှ တော်တော်ကို အိုတာ။ အဖေက ဘာလို့ သူ့ထက် အရင် သေရမှာလဲ။

"ဘယ်သူက ထင်မလဲ အက်ဒ္ဒပ်ရယ်"

တကယ်တော့ ဒေါက်တာဘန်းနက်က ကျွန်တော့်ကို ပြောတာ မဟုတ်သလို ဘယ်သူ့ကိုမှ ပြောတာ မဟုတ်ပါဘူး။ သူ့ဟာသူ ပြောနေသလိုမျိုး ရေရွတ်တာ။

ဘယ်သူက ထင်မှာလဲ။

အဖေကြုံဖူးသမျှထဲမှာ မရဏတရားက အဆိုးဆုံး။ ဒီလိုပြောရတာ တစ်မျိုးတော့ တစ်မျိုးကြီးပဲ။ ကျွန်တော်တို့ လူအများစု အတွက်တော့ ဒါဟာ အဆိုးဆုံးပဲလေ။ အဖေ့အတွက် ဆိုးတယ် ဆိုတာကျ တစ်မျိုးဗျ။ အထူးသဖြင့် သေဖို့ ပြင်ဆင်နေရတဲ့ အရင်နှစ်တွေမှာ တစ်စထက်တစ်စ ရောဂါဘယ ဖိစီး လာတာတောင် နောက်ထပ် စွန့်စားခန်းဖွင့်ဖို့ လုပ်နေသလိုပဲ။

ပိုဆိုးတာက အိပ်ရာထဲ လဲတာပဲ။ သူက အဲဒီလိုမှ မနေချင်တာ။ မနက်ဆို ဒီအခန်းတစ်ခုထဲမှာပဲ နိုးလာရတာ၊ ဒီလူတွေပဲ မြင်နေရတာ၊ ဒါတွေပဲ လုပ်နေရတာကို သိပ်မုန်းတာ။ ဒီလိုတွေ မဖြစ်ခင်က အဖေဟာ အိမ်ကို ကားဆီဖြည့် ဆိုင် လုပ်ခဲ့သေးတယ်။ ခြေထောက် ဖွေပေါက်နေတဲ့ အဖေ့အတွက်တော့ အိမ် ဆိုတာ ခရီးတစ်ထောက် နားခိုရာ နေရာတစ်ခုပဲ။ ဘယ်ခရီး သွားနေတာလဲလို့ ဆိုတော့လည်း ရှင်းရှင်းလင်းလင်း မရှိပြန်ဘူး။ ဘာကြောင့် လျှောက်သွားနေ တာလဲ။ ပိုက်ဆံ ထွက်ရှာတာလည်း မဟုတ်ဘဲနဲ့။ ကျွန်တော်တို့မှာ အိမ်လည်း ရှိပြီးသား။ ပိုက်ဆံလည်း ရှိပြီးသား။ ကားတွေ ဘာတွေလည်း ရှိတယ်။ အိမ် နောက်ဘက်မှာဆို ရေကူးကန်တောင် ရှိသေးတယ်။ ကျွန်တော်တို့ မတတ် နိုင်တာ ဘာမှ မရှိသလောက်ပါပဲ။ အဖေက ကိုယ်ပိုင်အလုပ် လုပ်နေတာမို့ ရာထူးတက်စရာလည်း မရှိဘူး။ ဒီထက် ပိုတဲ့ တခြားအကြောင်းတစ်ခုခု ရှိရင် လည်း ဘာမှန်း ကျွန်တော်လည်း မပြောတတ်တော့ဘူး။

အဖေက တစ်ခုခုကို မျှော်လင့်ရင်း အသက်ရှင်နေတဲ့ ပုံစံမျိုး။ အဲဒါက အရေးကြီးလား၊ မကြီးလား မသိပေမယ့် အဲဒီနေရာဆီ သွားဖို့ ကြိုးစားနေတဲ့ ပုံ။ ဘယ်တော့မှ မပြီးတဲ့ စစ်ပွဲကြီးတစ်ခု တိုက်နေသလိုမျိုး။ ဒါကြောင့်မို့ အလုပ်ကို ကြိုးစားပြီးရင်း ကြိုးစားနေတာ။ နယူးယောက်တို့၊ ဥရောပတို့၊ ဂျပန်တို့လို နေရာ တွေဆီ တစ်ခါတစ်ခါထွက်သွားရင် လနဲ့ချီ ကြာတတ်တယ်။ ပြီးရင် ညကိုးနာရီတို့

mgyoe.com

ဘာတို့လို ရောက်ချင်တဲ့အချိန် ပြန်ရောက်ချလာရော။ အဲဒီအခါကျရင် သောက်စရာ တစ်ခုခု ယူ၊ ကုလားထိုင်တစ်လုံး ဆွဲ၊ အိမ်ဦးခန်းမှာ မြိန့်မြိန့်ကြီး ထိုင်ပြီး အမြဲ လိုလို ထူးဆန်းအံ့ဖွယ် ဇာတ်လမ်းတွေ ပြောပြတတ်တယ်။

အဖေ အိမ်ပြန်ရောက်တဲ့ တစ်ညသားမှာပေါ့။ အဖေကလည်း သူ့ခုံမှာ သူ ထိုင်၊ အမေကလည်း သူ့ခုံမှာ သူ ထိုင်၊ ကျွန်တော်က အဖေ့ခြေရင်းက ကြမ်းပြင်မှာ ထိုင်ရင်း အဖေပြောပြတာ နားထောင်ဖူးတယ်။

"နာဂိုယာမှာလေ၊ ခေါင်းနှစ်လုံးနဲ့ မိန်းမတစ်ယောက်ကို တွေ့ခဲ့ရတယ်၊ မယုံမရှိနဲ့၊ ကျိန်ပြောဝံ့ပါရဲ့၊ အဲဒီခေါင်းနှစ်လုံးနဲ့ ဂျပန်မိန်းမလှက လက်ဖက်ရည် ဝိုင်းမှာ ဖျော်ဖြေတာများ သိပ်ကျက်သရေရှိတာပဲ၊ မင်း တွေ့ရင်လည်း ဘယ်ခေါင်းက ပိုလှမှန်း ပြောတတ်မှာ မဟုတ်ဘူးရယ်"

"ခေါင်းနှစ်လုံးနဲ့ မိန်းမ မရှိလောက်ပါဘူး၊ အဖေကလည်း"

အဖေက မျက်လုံးထောင့်ကပ် စဉ်းစားပြီး–

"တကယ်ပြောတာ။ "မစ္စတာ ကမ္ဘာအနှံ့ရောက် အကုန်သိ" ဆီကနေ သိတာ၊ ကျေးဇူးကွာ၊ ငါကတော့ ဟုတ်တယ် ဆိုတဲ့ဘက်က နေတယ်"

"ခေါင်းနှစ်လုံးက တကယ်ရှိတာလား ဟင်"

"တကယ်ပါဆို။ ခေါင်းနှစ်လုံးနဲ့ မိန်းမပျို၊ သူက တကယ်တော့ ဂေရှား မယ် တစ်ယောက်ပဲ၊ သူ့ဘဝကို ဂေရှားထုံးတမ်းစဉ်လာတွေ သင်ဖို့ပဲ မြုပ်နှံထား တာ၊ လူရှေ့သူရှေ့ ထွက်ခဲတယ်၊ မြင်ဖူးမှ ယုံမယ်၊ ငါတောင် ကံကောင်းလို့ လက်ဖက်ရည်ဝိုင်းထဲ ဝင်ခွင့်ရတာ၊ ဒါလည်း အစိုးရပိုင်းက အဆက်အသွယ်တွေ၊ စီးပွားရေးလုပ်တဲ့ မိတ်ဆွေတွေ တစ်ပြုံကြီး ရှိနေလို့၊ ငါက မျက်ခုံးပင့်ကြည့်ပြီး ဪ…ဒါလားပေါ့ ဘာညာနဲ့ သိပ်လည်းထူးဆန်းမနေသလိုဟန်ဆောင်ရတာပေါ့၊ သူ့ကို အဲဒီလို ခိုင်းစားတာဟာ တကယ်တော့ သမိုင်းဆိုင်ရာ အစိတ်အပိုင်း တစ်ရပ်ကို စော်ကားနေသလိုပဲ၊ ငါလည်း တခြားသူတွေလို ကိုယ့်လက်ဖက်ရည် ခွက် ကိုယ် ယူပြီး "ဒိုမို'လို့ ခပ်တိုးတိုး ပြောလိုက်တယ်၊ ဂျပန်လို "ကျေးဇူးတင်ပါ တယ်'ပေါ့"

အဖေ လုပ်သမျှက ပြိုင်ဘက်ကင်းပဲ။ အိမ်မှာဆို အဖေ ရှိမနေတာကိုက ရှိနေသလိုမျိုး ပဋ္ဌလက်ဆန်ဆန် ခံစားရတယ်။ အဖေက နည်းနည်းပါးပါး သောက် တတ်တယ်။ မူးလာရင် ဒေါသ မကြီးတတ်ပေမယ့် အပေါက်ကြီး တစ်ပေါက်ထဲ လိမ့်ကျသွားသလိုမျိုး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတဲ့ပုံနဲ့ သူ့ဟာသူ

mgyoe.com

mgoodbye.com SAMPLE BOOK

လမ်းပျောက်နေတတ်တယ်။ အိမ်ပြန်ရောက်ခါစ ညတွေဆို သူ့မျက်လုံးတွေ တောက်နေတာများ အမှောင်ထဲမှာတောင် လက်နေမယ့် ပုံစံမျိုး။ ဒါပေမဲ့ နောက်ပိုင်း ရက်ကြာလာတာနဲ့ အဲဒီမျက်လုံးက အရောင်တွေ မှိန်ဖျော့ပြီး လောကကြီးကို စိတ်ပျက်ငြီးငွေ့ဟန် ပေါက်လာရော။ အဲဒီအခါ အိမ်က မထွက်ရ မနေနိုင် ဖြစ်လာတော့တာပဲ။

ဆိုတော့ အဖေက သေမင်းနဲ့ ယှဉ်ပြီး စစ်ခင်းနိုင်မယ့် သူတော့ မဟုတ်ဘူး။ အဖေ့အတွက်တော့ အိမ်မှာနေလေ ပိုဆိုးလေပဲ။ ပထမတော့ ကမ္ဘာတစ်ဝန်းက သူ့လူတွေကို ဖုန်းလှမ်းဆက်ပြီး ပျော်အောင် နေကြည့်သေးတယ်။ ဒါပေမဲ့ သိပ်မကြာခင် ဖုန်းတောင် ကောက်မဆက်နိုင်တော့အောင် အသည်းအသန် ဖြစ်လာတယ်။ အဖေ ဘာကောင်မှ မဟုတ်တော့ဘူး။ ပြောစရာ ဇာတ်လမ်းလည်း မရှိတော့ဘူး။ အလုပ်လုပ်လို့လည်း မရတော့ဘူး။ အဖေ့အကြောင်း ကျွန်တော် ဘယ်တော့မှ နားလည်မှာ မဟုတ်ဘူးလို့ သဘောပေါက်လိုက်တယ်။

ဒီနေ့ကျတော့ အဖေက ကျွန်တော့်ကို–

"အခုလောလောဆယ် ဘာလုပ်ရင် ကောင်းမလဲ မင်း သိပါတယ်"လို့ ပြောတယ်။

ဒေါက်တာဘန်းနက်ကသာ အဖေ့ကို နောက်ဆုံးအချိန်လို့ ပြောတာ၊ မသိရင် အဖေ့ပုံက သာမန်လူလို အကောင်းပကတိပဲ။ အဖေက–

"ရေတစ်ခွက်လောက် တိုက်ပါလား"

"အင်း"

ရေတစ်ခွက် ခပ်တိုက်တော့ တစ်ငုံ၊ နှစ်ငုံ သောက်တယ်။ ရေတွေ ဖိတ်မကျနိုင်အောင် ထိန်းကိုင်ပေးရင်း အဖေနဲ့ လုံးလုံးမတူတော့တဲ့ ကျွန်တော့်ရဲ့ အဖေဆိုတဲ့ လူကို ပြုံးပြမိတယ်။ သူ့ဘဝတစ်လျှောက် ကြုံတွေ့ရတဲ့ အဖြစ်သနစ်တွေကြောင့် အဖေ့ရဲ့ အရင်ပုံစံကို ပြန်မြင်ယောင်ကြည့်ဖို့ ခက်ပေမယ့် ကျွန်တော့်အတွက်တော့ အခုမြင်ရတဲ့ ပုံစံနဲ့ပဲ အသားကျနေပါပြီ။ အဖေ့မှာ ဆံပင်ဆိုလို့ တစ်ချောင်းတလေမှ မရှိတော့သလို အရေပြားမှာလည်း ယားနာကွက်တွေ ထနေတယ်။ ဒါလည်း ရိုးနေပါပြီ။

အဖေက အသက်တစ်ချက် ရှိုက်ရင်း–

"ပြောပြီးပြီလားတော့ မသိဘူး၊ မနက်တိုင်း ရုံးနားက ကော်ဖီဆိုင်ဆီ

mgyoe.com
SAMPLE BOOK


ထွက်တဲ့အခါ လာတောင်းတဲ့ သူတောင်းစားတစ်ယောက် ရှိတယ်၊ ငါက သူ့ကို နေ့တိုင်း နှစ်ဆယ့်ငါးပြား ပေးလေ့ရှိတယ်၊ နေ့တိုင်းနော်၊ ဆိုလိုတာက သူ မတောင်းလည်း ငါက သူ့ခွက်ထဲ နှစ်ဆယ့်ငါးပြား ထည့်ပေးနေကျ။ ဆိုတော့ ဒါက ပုံမှန်လုပ်ရိုးလုပ်စဉ်တစ်ခု ဖြစ်လာတယ်၊ နောက် ငါ နာမကျန်းဖြစ်တာ လနဲ့ချီ ကြာသွားတယ်၊ အဲဒီနားကို ငါ ရောက်သွားတော့ သူဘာပြောလဲ သိလား"

"ဘာပြောလို့လဲ အဖေရဲ့"

"ကျွန်တော့်ကို ပေးရမယ့် ခင်ဗျားအကြွေး ၃၅၀ ရှိနေပြီတဲ့ လေ"

"ရယ်ရတယ်နော်"

"အင်း၊ ရယ်မောခြင်းဟာ အစွမ်းထက်ဆုံး ဆေးတဲ့"

ဒါပေမဲ့ သားအဖနှစ်ယောက်လုံး မရယ်တဲ့အပြင် ပြုံးတောင် မပြုံးဖြစ်ပါဘူး။ အဖေက ကျွန်တော့်ကို ဝမ်းနည်းတဲ့ အကြည့်နဲ့ပဲ စိုက်ကြည့်နေတယ်။ တစ်ခါတလေ အဲဒီလို ဖြစ်နေကျ။ တချို့သူတွေ စကားပြောရင်းတန်းလန်းနဲ့ ခံစားချက်တစ်ခုကနေ တစ်ခု ဖျတ်ခနဲ ဖျတ်ခနဲ ကူးပြောင်းနေတတ်သလိုမျိုးပေ့ါ။ အဖေက–

"ငါညည့်ခန်းမှာ နေနေတာ သင့်တော်တယ် ထင်တာပဲ"

"ဘာဖြစ်လို့လဲ"

ကျွန်တော်က အဖြေကို သိရဲ့သားနဲ့ မေးမိတယ်။ ဒီလို ပြောတာ ဒါ ပထမဆုံးအကြိမ်မှ မဟုတ်ဘဲ။ အမေနဲ့ ခွဲအိပ်ဖို့ သူပဲ ဆုံးဖြတ်ခဲ့တာ။ ဒီမှာ နေတာကမှ သူ့နေရာ ဆိုတဲ့ အသိမျိုး ခံစားရလို့။

အဖေက ဧည့်ခန်းနဲ့ တူမနေတော့တဲ့ အခန်းပတ်လည်ကို ဝေ့ကြည့်ပြီး –

"သူ ငါ့ကို ကြည့်ပြီးမှ အိပ်ရာဝင်တာမျိုး မဖြစ်စေချင်ဘူး၊ ငါပြောချင်တာကို မင်းသိမှာပါ။ ဒီမှာ ဧည့်သည်လို နေနေတာက အများကြီး ပိုကောင်းတယ်"

အမေက ဧည့်သည်လာတည်းရင်အဆင်ပြေအောင်ပြင်ထားတတ်တော့ ဟိုတယ် အခန်းနဲ့တောင် ပိုတူတယ်။ ခွေးခြေပုလေး ရှိတယ်။ အိပ်ရာဘေးမှာ ထားတဲ့ စားပွဲခုံ ရှိတယ်။ အံဆွဲပါတဲ့ စားပွဲခုံအထက်မှာ ဟိုးခေတ်က ပညာရှင် တစ်ဦးဦးရဲ့ လက်ရာ ရေဆေးပန်းချီကား ချိတ်ထားတယ်။

"သိတဲ့အတိုင်း ငါက အိမ်မှာ နေနေကျ မဟုတ်တော့ မင်း လူကြီးဖြစ်လာတာကိုတောင် သိပ်သတိမထားမိဘူး..."

အဖေက ပြောရင်းနဲ့ တံတွေးတစ်ချက် မျိုချတယ်။ တံတွေးမျိုချတာ

mgyoe.com

mgyoe.com SAMPLE BOOK


ကိုတောင် သူ့ခမျာ ပင်ပင်ပန်းပန်း ကြိုးစားနေရတယ်။

"ငါ မင်းအနားမှာ ရှိမနေခဲ့ဘူး သားရယ်"

"မဟုတ်တာ"

ကျွန်တော် ပြောတာ သိပ်များ မြန်သွားသလား မသိဘူး။ ဒါပေမဲ့ ကြင်ကြင်နာနာတော့ ရှိပါတယ်။ အဖေက ချောင်းနည်းနည်း ဆိုးလိုက်ပြီး –

"ဟော့၊ ဒီမယ်၊ ဘာပဲဖြစ်ဖြစ် နောက်ကြောင်း ပြန်မလှည့်နဲ့၊ ဘာဖြစ်လို့လဲ ဆိုတော့ အဖေက... သိတယ် မဟုတ်လား"

"စိတ်မပူပါနဲ့"

"မှားတာ တစ်ခုမှ မရှိဘူး"

"ဒါဆိုလည်း ကျွန်တော့်ကို တစ်ခုပဲ ကူညီ..."

"ဘုရားသခင်၊ ဖရက်၊ ဘယ်သူ ဖြစ်ဖြစ်ကွာ"

သူက ရေတစ်ငုံ ထပ်သောက်တယ်။ ကြည့်ရတာ ရေဆာလို့ သောက်တဲ့ပုံ မဟုတ်ဘူး။ ရေသောက်ချင်လို့၊ ရေကို လျှာပေါ်မှာ၊ နှုတ်ခမ်းပေါ်မှာ တင်ချင်လို့၊ အဖေက ရေသိပ်ကြိုက်တာ။ တစ်ခါတုန်းကဆို တစ်နေကုန် ရေချည်း ဆင်းကူးနေဖူးတယ်။ အဖေက အက်တက်တက် လေသံနဲ့ –

"မင်း သိတဲ့အတိုင်း ငါ့အဖေဆို အိမ်ကနေ ပျောက်သွားတာမှ ခဏခဏပဲ၊ ဆိုတော့ မင်း ခံစားရတာကို ငါ နားလည်တယ်၊ ငါ့အဖေက လယ်သမား၊ အဲဒါတော့ ပြောဖူးတယ် မဟုတ်လား၊ တစ်ခါကဆို လယ်ကွင်းထဲ စိုက်ဖို့ ရှယ်မျိုးစေ့တစ်မျိုး သွားယူဦးမယ် ဆိုပြီး ထွက်သွားတယ်၊ ငါကတော့ ပစ္စည်းပို့ယာဉ်တစ်ခုခုဆီ သွားတယ် ထင်တာပေါ့၊ ညပြန်လာမယ် ပြောသွားတာကိုး၊ တစ်ရက်လည်း ပြန်မလာ၊ နှစ်ရက်လည်း ပြန်မလာနဲ့ ဘယ်အထိ ရောက်တယ်ထင်တုံး၊ ကယ်လီဖိုးနီးယားတစ်ခွင် ပြေပြစ်အောင် လျှောက်သွားနေတာ တစ်နွေပြီး တစ်နွေသာ ကုန်ရော၊ အပင်စိုက်ချိန်တွေသာ ပြောင်းပြောင်းသွားတယ်၊ ပြန်ရောက်လာတဲ့ အခါမှာတော့ တကယ်ကို ထူးဆန်းအံ့ဖွယ်ကောင်းတဲ့ မျိုးစေ့တွေ ပါလာသားပဲ"

"နေဦး၊ သား မှန်းကြည့်မယ်၊ သူက အဲဒီမျိုးစေ့တွေကို စိုက်လိုက်တော့ နွယ်ပင်ကြီးတွေ ပေါက်လာပြီး တိမ်ထုထဲ တိုးဝင်သွားတဲ့အထိ ရှည်ထွက်သွားတယ် မဟုတ်လား၊ တိမ်တွေရဲ့ ထိပ်ဖျားမှာ ရဲတိုက်ကြီးတစ်ခု ရှိတယ်၊ အဲဒီမှာ ဘီလူးကြီးတစ်ကောင် နေတယ်လေ"

mgyoe.com

mgyoe.com  SAMPLE BOOK 

"မင်းက ဘယ်လိုသိတုံး"

"ခေါင်းနှစ်လုံးနဲ့ မိန်းမကတောင် သူ့ကို လက်ဖက်ရည်နဲ့ ဧည့်ခံလိုက်သေးတယ်လေ'

အဖေက မျက်မှောင်တစ်ချက် ကြုတ်ပြီး ပြုံးတယ်။ အတိုင်းမသိ ကျေနပ်ဝမ်းမြောက်စွာနဲ့။

"မင်းမှတ်မိသားပဲ"

"မှတ်မိတာပေါ့"

"လူတစ်ယောက်ရဲ့ ဇာတ်လမ်းတွေကို မမေ့ဘူး ဆိုရင် အဲဒီလူက ဘယ်တော့မှ မသေတော့ဘူး၊ မင်း သိလား"

ကျွန်တော် ခေါင်းခါပြတော့ အဖေက–

"တကယ်ပြောတာ၊ ဒါနဲ့ မင်း အဲဒီဇာတ်လမ်းကို တစ်ခါမှ မယုံဘူးလား၊ ယုံတော့ ယုံခဲ့တယ် မဟုတ်လား"

"အဲဒါ အရေးကြီးလို့လား"

အဖေက ကျွန်တော့်ကို သေချာကြည့်ရင်း–

"ဟင့်အင်း"လို့ ပြောပြီးမှ–

"ကြီးတာပေါ့၊ မသိတော့ဘူးကွာ၊ အနည်းဆုံးတော့ မင်း မှတ်မိတယ်လေ၊ အဓိကက ငါ့စိတ်ထင် ငါ အိမ်ပြန်ဖို့ အများကြီး ကြိုးစားခဲ့ပါတယ်၊ တကယ်ပါ၊ ဒါပေမဲ့ ပြန်လို့ မရတဲ့ အခြေအနေတွေ ဖြစ်လာတာကိုး၊ သဘာဝဘေးအန္တရာယ်တွေရောပဲ၊ ငါ့စိတ်ထင် တစ်ခါက ကမ္ဘာကြီး နှစ်ခြမ်းကွဲသွားဖူးတယ်၊ ကောင်းကင်ဆို ခဏခဏ ပွင့်တယ်၊ တစ်ခါတလေ သက်ရှိထင်ရှားနဲ့ကို ရောက်သွားဖူးတယ်"

အဖေက အကြေးခွံလို အရေအထပ်ထပ် တွန့်နေတဲ့ လက်နဲ့ ကျွန်တော့်ဒူးခေါင်းကို တို့တို့ပြီး ပြောတယ်၊ သူ့လက်ချောင်းတွေက ဖြူဖွေးနေပြီး လက်သည်းတွေက ငွေမင်ရောင် သန်းနေသလိုပဲ။

"အဖေ့ကို သား လွမ်းတယ်လို့ ပြောတော့ ပြောချင်ပါတယ်၊ တကယ်သာ လွမ်းခဲ့ရင်ပေါ့"

အဖေက ဒူးပေါ်က လက်ကို မြှောက်ပြီး သူ့အနား ကပ်ဖို့ အချက်ပြတယ်။ ကျွန်တော်လည်း သူ ဘာပြောမလဲ သိချင်တာနဲ့ အနားကပ်ပြီး သေချာနားထောင်တယ်။ အဖေက–

"ပြဿနာက ဘာလဲ ဆိုတော့ ငါက လူစွမ်းကောင်း သိပ်ဖြစ်ချင်တာ

mgyoe.com

mgpe.com SAMPLE BOOK


ကွ”လို့ တိုးတိုးလေး ပြောတယ်။

ဒါ အဖေ့ရဲ့ နောက်ဆုံးစကား ဖြစ်မယ်။ ကျွန်တော်က အံ့အားသင့်သွားသလို ပုံစံမျိုးနဲ့

“တကယ်လား အဖေရဲ့”လို့ မေးတော့ –

“တကယ်”တဲ့လေ။

သူ့စကားလုံးတွေက ဖြည်းဖြည်းလေးလေးနဲ့ အင်အားချည့်နဲ့နေပေမယ့် ခံစားချက်ပြင်းပြင်းနဲ့ တကယ် ရင်ထဲက လာသလိုပဲ။

“မင်း ယုံမလားတော့ မသိဘူး၊ ငါ့ကံကြမ္မာက အဲဒါပဲ၊ ရေအိုင်အကြီးကြီးထဲက ငါးအကြီးကြီး၊ လူတွေအပေါ် လွှမ်းမိုးအုပ်စိုးနိုင်တဲ့ ဆရာကြီး၊ အေး၊ ငါ ဖြစ်ချင်တာ အဲဒါပဲ၊ ပထမဆုံးနေ့ကတည်းက ဖြစ်ချင်ခဲ့တာ၊ ငါ့ဘဝကို ဘာမဟုတ်တဲ့ အဆင့်က စခဲ့တယ်၊ အချိန်အတော်ကြာအောင် တခြားသူတွေအတွက် အလုပ်လုပ်ပေးခဲ့တယ်၊ နောက်တော့ ကိုယ်ပိုင်လုပ်ငန်းတစ်ခု စလုပ်တယ်၊ မြေအောက်ထပ်မှာ ပုံစံခွက်နဲ့ ဖယောင်းတိုင်တွေ လုပ်တယ်၊ ရှုံးတယ်၊ ပန်းစည်းလေးတွေလုပ်ပြီး ပန်းဆိုင်တွေဆီ သွင်းတယ်၊ ရှုံးတယ်၊ နောက်ဆုံး import/export လည်း လုပ်ရော ရှိသမျှ ကုန်တော့တာပဲ၊ ဝန်ကြီးချုပ်နဲ့အတူ ညစာ တစ်ခါ စားဖူးတယ် ဝီလျံ၊ ဝန်ကြီးချုပ်နော်၊ မင်း စဉ်းစားကြည့်စမ်း၊ အက်ရှ်လန်းက ဟောဒီကောင်လေးနဲ့ တစ်ခန်းတည်း အတူ ညစာစားတဲ့သူကို၊ ကမ္ဘာပေါ်မှာ ငါ ခြေမချဖူးတဲ့ နယ်မြေ တစ်နေရာမှ မရှိဘူး၊ တစ်နေရာမှကို မရှိတာ၊ တိုက်ကြီးခုနစ်တိုက် ရှိတယ်ဟုတ်၊ ငါမေ့နေတာက ဘယ်ဟာက...၊ ထားတော့၊ ကဲ... ခုကြည့်၊ ဒါတွေအားလုံး တစ်ခုမှ အရေးမပါတော့သလိုပဲနော်၊ တွေ့လား၊ ဒါတောင် ငါ့မှာ လူစွမ်းကောင်း ဖြစ်ဖို့ ဘာတွေ လုပ်...၊ အဲ... ဘာတွေ လိုအပ်နေလဲ မသိသေးဘူး၊ မင်းကော သိသလား ဝီလျံ”

“ဘာကို သိရမှာလဲ”

“လူတစ်ယောက်အနေနဲ့ ဘာလုပ်ရင် လူစွမ်းကောင်း ဖြစ်သလဲ ဆိုတာ သိလားလို့”

သူ မေးဖူးတာတွေ သူ့ဘာသာ ပြန်မေ့သွားပါစေလို့ တိတ်တိတ်လေး ဆုတောင်းဖူးတာ ကြာပြီ။ အဖေ့စိတ်က အစကတည်းက ဟိုရောက်လိုက်၊ သည်ရောက်လိုက် ဆိုပေမယ့် အခု ကျွန်တော့်ကို ကြည့်နေတဲ့ ပုံက သူ ဘာတစ်ခုမှ

mgpe.com

mgyoe.com SAMPLE BOOK

မမေ့ဘူး ဆိုတာ ပြနေတယ်။ ကျွန်တော့်အတွေးကိုပါ သိနေသလိုမျိုး၊ အခုလည်း အတင်းအကျပ် ဖြေခိုင်းနေသေးတာ။

လူတစ်ယောက်အနေနဲ့ လူစွမ်းကောင်း ဖြစ်အောင် ဘာလုပ်ရလဲ ကျွန်တော် မသိဘူး။ တစ်ခါမှလည်း မစဉ်းစားမိဖူးဘူး။ ဒီလိုအချိန်မှာ "သားမသိဘူး" လို့သွားလုပ်လို့ မရလောက်ဘူး။ ကိုယ့်ကိုယ်ကိုယ် အတတ်နိုင်ဆုံး ပေါ့သွားအောင် စိတ်ကို လျှော့ချပစ်လိုက်တယ်။

"သား စိတ်ထင်..." လို့ ပြောပြီး ဘယ်လိုပြောရကောင်းမလဲ ခဏ စဉ်းစားရင်း-

"လူတစ်ယောက်ဟာ သားဖြစ်သူဆီက အဖေ့ကို ချစ်ပါတယ်လို့ အပြော ခံရရင် အဲဒီလူအနေနဲ့ သူ့ကိုယ်သူ လူစွမ်းကောင်းလို့ ယူဆနိုင်မယ် ထင်တာပဲ"

အဖေ တစ်သက်လုံး အပြင်လောကထဲအထိ လိုက်ရှာနေတဲ့ လူစွမ်းကောင်း ဖြစ်ခြင်းဟာ ဟောဒီအိမ်မှာပဲ တစ်ချိန်လုံး ရှိနေခဲ့တာကို သဘောပေါက်ပါစေ တော့လို့ ရှိသမျှ အားအင် အကုန်သုံးပြီး ပြောချလိုက်တာပါ။ အဖေက အရှိုက် ထိသွားသလိုမျိုး-

"ဩော်..."လို့ ရေရွတ်ပြီးမှ-

"...အဲဒီလို တစ်ခါမှ မတွေးမိခဲ့ပါလား၊ အခုတော့ တွေးစရာ ဖြစ်လာ ပြီပေါ့၊ ငါဆိုလိုတာက ဒီကိစ္စက ငါ့အပေါ် လုံးလုံးလျားလျား မူတည်နေပြီလို့..."

"ဟုတ်တယ်၊ အဲဒါကြောင့် ပြောနေတာ၊ အက်ဒွပ်ဘလွန်း ဆိုတဲ့ ကျွန်တော့်အဖေကို လူစွမ်းကောင်းတစ်ယောက် ဖြစ်စေချင်တယ်၊ အဲဒါကြောင့် ခုလို ကူညီနေတာပေါ့"

ဘုရင်က သူ့ရဲကောင်းရဲ့ ပခုံးကို ဓားတို့ပြီး ချီးမြှောက်ပေးသလိုမျိုး ကျွန်တော်က သူ့ပခုံးကို လက်နဲ့ အသာအယာ တို့လိုက်တယ်။ သူ့ကြည့်ရတာ စကားလုံးဒဏ်ကြောင့် ပင်ပန်းပြီး အနားယူနေရသလိုမျိုး မျက်လုံးတွေကို အတင်း မှိတ်ထားတယ်။ စိတ်ထဲမှာ ခွဲခွာချိန် စလာတာ သိသလိုမျိုး ကြက်သီးထသွား တယ်။ ပြတင်းပေါက် ကန့်လန့်ကာ ခွဲထားတာကိုက သူ့ကို လိပ်ပြာလွင့်ဖို့ လမ်းဖွင့် ပေးထားသလိုမျိုးပဲ။ တကယ်တော့ လေဝင် လေထွက်ကောင်းအောင် ဖွင့်ထား တာပါ။

အဖေက မျက်လုံးမှိတ်လျက်သားကနေ အိပ်နေရင်း ယောင်နေ သလိုမျိုး-

mgyoe.com

mgyoe.com

SAMPLE BOOK


"အဲဒီခေါင်းနှစ်လုံးနဲ့ မိန်းမကလေ..." လို့ စကားစတယ်။ ကျွန်တော်က သူ့ပခုံးကို အသာလှုပ်ပြီး-

"အဲဒီမိန်းမအကြောင်း ကြားဖူးပြီးသား၊ ထပ်မကြားချင်တော့ဘူး အဖေရာ၊ ဟုတ်ပြီလား"

"ငါလည်း အဲဒီမိန်းမအကြောင်း ပြောမလို့ မဟုတ်ပါဘူး ဖိုးညာဏ်ကောင်းရဲ့"

"မပြောဘူး ဆိုရင် ဘာလို့ စကားစလဲ"

"သူ့အစ်မ အကြောင်း ပြောမလို့ပါ"

"သူ့မှာ အစ်မ ရှိတယ် ဟုတ်လား"

အဖေက မျက်လုံးဖွင့်ကြည့်ပြီး-

"ဟေ့၊ ငါက မင်းကို နောက်နေရမှာလား"

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၅)
## မြစ်ထဲက မိန်းကလေး

ရေပြာမြစ်ရဲ့ ကမ်းနဖူးနားက ဝက်သစ်ချပင်ဟာ အဖေ ထိုင်နားတတ်တဲ့ နေရာပါပဲ။ ပြန့်ကားနေတဲ့ သစ်ကိုင်းတွေကြောင့် အရိပ်ကောင်းကောင်း ရပြီး အပင်ခြေရင်းက စိမ်းစိုအေးမြနေတဲ့ ရေညှိနုနုတွေပေါ်မှာ ပက်လက်လှန်နေတတ်သလို တစ်ခါတလေဆို မြစ်ရေစီးသံနဲ့ ချော့သိပ်နေသလိုမျိုး အိပ်ပါ အိပ်နေတတ်တယ်။ တစ်နေ့ သူ အဲဒီနေရာမှာ အိပ်နေတုန်း မြစ်ထဲမှာ မိန်းမလှတစ်ယောက် ရေဆင်းချိုးတဲ့ အသံကြောင့် နိုးသွားတယ်။ ပခုံးသားပေါ် ခွေလိပ် တွဲကျနေတဲ့ သူမရဲ့ ဆံနွယ်ရှည်တွေက ရွှေရောင်တောက်နေပြီးသားမြတ်ကသေးသေးလုံးလုံးလေး။ သူမက ရေကို လက်ခုပ်နဲ့ ခပ်၊ မျက်နှာပေါ် လောင်းချတယ်။ ရေက သူမရဲ့ ရင်သားကတစ်ဆင့် မြစ်ထဲကို ပြန်စီးကျသွားတယ်။

အက်ဒွပ်တစ်ယောက် ငြိမ်ငြိမ်ကလေး နေဖို့ ကြိုးစားရင်း "မလှုပ်နဲ့၊ မင်း လှုပ်ရှားလိုက်တာနဲ့ သူ မြင်သွားလိမ့်မယ်" လို့လည်း သူ့ကိုယ်သူ ပြောနေရတယ်။ သူမကို ကြောက်မသွားစေချင်ဘူးလေ။ ပြီးတော့ ရိုးရိုးသားသား

mgyoe.com

myoe.com

ဝန်ခံရရင် မိန်းမတစ်ယောက်ကို သဘာဝအတိုင်း တစ်ခါမှ မမြင်ဖူးတာမို့ သူ မထွက်သွားခင်အထိ နည်းနည်းကြာကြာ ဆက်ကြည့်နေချင်သေးတယ်။ အဲဒီအချိန်မှာပဲ မြွေကို သူ တွေ့လိုက်ရတယ်။ Cotton mouth လို့ခေါ်တဲ့ မြွေပွေး တစ်မျိုး ဖြစ်မယ်။ မြွေက ရေပေါ်မှာ ခေါင်းဖော်ပြီး သူမရှိရာကို ကူးနေတယ်။ မြွေလေးတစ်ကောင် ကိုက်ရုံနဲ့ သေတယ် ဆိုတာ ယုံရခက်ခက်ပေမယ့် တကယ် သေပါတယ်။ အဲဒီလောက် မြွေအရွယ်လေးက ကယ်လ်ဗင်ဘရိုင်ယန့်ကို သတ်ခဲ့တာပဲလေ။ ခြေသလုံးကို အကိုက်ခံရပြီး တစ်မိနစ်တောင် မကြာဘူး သေတာပဲ။ ဒါတောင် ကယ်လ်ဗင်ဘရိုင်ယန်က သူမထက် နှစ်ဆလောက် ပိုကြီးတယ်။

ဘာလုပ်ရမှန်း တကယ်မသိဘူး။ ပင်ကိုအသိစိတ်ကြောင့်ပဲ အဖေက သူ့အလိုလို မြစ်ထဲ ဒိုင်ဗင်ထိုးဆင်းပြီး သူမရဲ့ ခါးဆီ လှမ်းခဲဖို့ အစွယ်တဖြဖြ လုပ်နေတဲ့ မြွေကို လက်နဲ့ လှမ်းဆွဲလိုက်တယ်။ မိန်းကလေးလား၊ ဘာပြော ကောင်းမလဲ။ အော်တာပေါ့။ လူတစ်ယောက် ကိုယ့်ဆီ ဒိုင်ဗင်ထိုးဆင်းလာတာကို မအော်တဲ့ နေမယ့် မိန်းကလေး ရှိမလား။ အဖေက လက်မှာ မြွေပတ်လျက်သားနဲ့ ရေထဲက ထလာတော့ မိန်းကလေးက အော်ပြန်ရော။ နောက်ဆုံးတော့ အဖေက ရှပ်အင်္ကျီချွတ်ပြီး မြွေကို ထည့်ထားလိုက်နိုင်တယ်။ သတ်ပစ်မယ် ထင်လို့လား၊ မထင်နဲ့။ မြွေစုတဲ့ မိတ်ဆွေတစ်ယောက်ဆီ သွားပို့မှာ။

အခုတော့ လုလင်ပျိုနဲ့ လုံမပျိုတို့ ရေပြာမြစ်ထဲမှာ ကိုယ်ဗလာကျင်းနဲ့ မျက်နှာချင်းဆိုင် မတ်တတ်ရပ်ရင်း တစ်ယောက်ကို တစ်ယောက် ကြည့်နေမိကြ တယ်။ နေရောင်ကြောင့် ရေပြင်ဟာ တလက်လက်နဲ့ တံလျှပ်ထနေတယ်။ သူတို့ နှစ်ယောက်ကတော့ သစ်ပင်ရိပ်အောက်က ရေထဲမှာ တစ်ဦးကို တစ်ဦး စေ့ငု လှေ့လာနေကြတယ်၊ ပတ်ဝန်းကျင်မှာ သဘာဝအလျောက် ထွက်နေတဲ့ အသံဗလံ တွေကလွဲလို့ တိတ်ဆိတ်ငြိမ်သက်နေတယ်။ တစ်ယောက်ကို တစ်ယောက်လည်း ဘာပြောရမှန်း မသိဘူး။ ကျွန်တော့်နာမည် အက်ဒွပ်ပါ။ ခင်ဗျားနာမည်ကကောဟင်၊ အဲဒီလိုတော့ မပြောဘူး မဟုတ်လား။ နောက်တော့ မိန်းကလေးက စပြောတယ်။

"ကျွန်မ အသက်ကို ရှင် ကယ်လိုက်တာပဲ"

ဟုတ်တယ်လေ။ အဆိပ်ရှိတဲ့ မြွေတစ်ကောင် အကိုက်ခံရတော့မယ့် ဆဲဆဲမှာ ကယ်လိုက်တာပဲ။ အသက်နဲ့ ရင်းပြီး ကယ်တာလို့တောင် ပြောလို့ရတယ်။ အဲဒီလိုတော့ ပါးစပ်က ထုတ်မပြောပါဘူး။ နှစ်ယောက်လုံး သိနေမှာပဲပဲဟာ။

myoe.com

mgyoe.com SAMPLE BOOK

"ရှင်က သိပ်သတ္တိရှိတာပဲ"

"မဟုတ်ပါဘူး အစ်မရယ်..."

သူ့ထက် ကြီးပုံ မရပေမယ့် သူမကို အဲဒီလိုပဲ ခေါ်လိုက်တယ်။

"...အစ်မကို တွေ့တယ်၊ ပြီးတော့ မြွေကို တွေ့တယ်၊ အဲဒါနဲ့ ကျွန်တော်လည်း ခုန်ဆင်းလိုက်တာ"

"ရှင့်နာမည် ဘယ်လိုခေါ်လဲ"

"အက်ဒွပ်ပါ"

"ဟုတ်ပြီ၊ ဒီမယ်၊ အခုကစပြီး ဒါ ရှင့်နေရာ ဖြစ်သွားပြီ၊ မြစ်ရဲ့ အစိတ်အပိုင်း ဖြစ်တဲ့ သစ်ပင်ရော၊ ရေရော၊ အကုန်လုံးပေါ့။ ဒီနေရာကို အက်ဒွပ်ချောင်းလို့ ခေါ်ကြမယ်၊ အဆင်မပြေတဲ့အခါ၊ တစ်ခုခု ဖြစ်တဲ့အခါ ဒီကို လာ၊ အနားယူပြီး စဉ်းစားခန်း ဝင်ပေါ့"

"ဟုတ်ပါပြီဗျာ"

သူမက ပြုံးပြီး–

"ကဲ... အခု ရှင်ဟိုဘက်လှည့်နေ၊ ကျွန်မ အင်္ကျီဝတ်မလို့"

"ဟုတ်ကဲ့"

ရှက်ကိုးရှက်ကန်း ဖြစ်သွားတဲ့ အက်ဒွပ်က နေမထိ ထိုင်မသာနဲ့ တစ်ဖက်ကို လှည့်လိုက်တယ်။ မတ်တတ်ရပ်ရတာ ဒူးတွေတောင် ယိုင်ချင်သလိုလို။

မိန်းမတစ်ယောက် အင်္ကျီဝတ်တာ ဘယ်လောက်ကြာလဲ သူ မသိပါဘူး။ ဒါကြောင့် ငါးမိနစ်တိတိ နေပြီးမှ ပြန်လှည့်ကြည့်လိုက်တယ်။ မိန်းကလေး မရှိတော့ဘူး။ ကြက်ပျောက်ငှက်ပျောက်ကို ပျောက်သွားတာ။ ထွက်သွားတဲ့ အသံလည်း သူ မကြားလိုက်မိပါဘူး။ ခေါ်မလို့ လုပ်ပေမယ့် သူမှ နာမည်မသိဘဲ။ အရင်ဆုံး နာမည်တော့ မေးထားလိုက်ရမှာ။

လေက ဝက်သစ်ချပင်ကိုဖြတ်တိုက်နေသလို ရေကလည်း အလျဉ်မပြတ် စီးနေဆဲ။ မိန်းကလေးက မရှိတော့ပါဘူး။ ပြီးတော့ သူ့ရှပ်အင်္ကျီနဲ့ ထုပ်ထားတဲ့ မြွေလည်း မရှိတော့ဘူး။ မြွေအစား ညိုတိုတို တုတ်လေးတစ်ချောင်းပဲ ရှိတယ်။ တုတ်ချောင်းလေးက မြွေနဲ့ တော်တော်တူတယ်။ အထူးသဖြင့် မြစ်ထဲကို လွှင့်ပစ်ပြီး မျောသွားတာကို ကြည့်နေမိတဲ့ အခါမှာပေါ့။


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၆)

# ပီယဆေး

အဖေက မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေ ဆိုတဲ့ ဆုတောင်းနဲ့ မွေးကတည်းက ပြည့်စုံတယ်။ ဒါကို အဖေ့မှာ ပီယဆေး ရှိတယ်လို့ ဆိုကြတယ်။ အဖေက သိပ်ရှက်တတ်သည့်တိုင် မိန်းမတွေက ရေလာမြောင်းပေးတတ်ကြတယ်။ ဒါကိုပီယဆေးစွမ်းတယ်လို့ခေါ်ကြတာပဲ။အဖေကအတော့်ကိုရုပ်ဖြောင့်ပေမယ့် ရုပ်ကလေး ဗန်းပြ၊ ညာစားတတ်တဲ့ လူတော့ မဟုတ်ဘူး။ သူက အားလုံးကို သူငယ်ချင်း မိတ်ဆွေလို သဘောထားတယ်။ သူကလည်း အဆွေခင်ပွန်းကောင်း ဖြစ်အောင် နေတယ်။

အဖေကပျော်ပျော်နေတတ်တယ်လို့လည်းပြောကြတယ်။အဖေပြောတဲ့ ဟာသတွေက သိပ်ရယ်ရတာပဲ တဲ့။ အဖေက သူ့ဟာသူ နေပေမယ့် အက်ရှ်လန်မြို့ သူ့အတော်များများအတွက်တော့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပါပဲ။ အဖေက တကယ်လည်း သူတစ်ပါးကို ပျော်အောင် လုပ်တတ်တယ်။ ညဆို အဖေတို့အိမ် ပေါ်တီကိုရှေ့မှာ ဒန်းစီးရင်း အပျိုတစ်သိုက် ဝိုင်းဖွဲ့စကားပြောရာက ထွက်လာတဲ့ ရယ်မောသံဟာ မြို့တစ်ကြောလုံး သောသောကို ညံရော။ အက်ရှ်လန်းမှာ ရယ်သံ ဟာ အိပ်ပျော် စားဝင်စေတဲ့ အသံပါပဲ။ အဲဒီတုန်းကပေါ့လေ။



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း(၇)

# ဘီလူးထိန်း

အဖေ ငယ်စဉ်က ဖွင့်ခဲ့တဲ့ စွန့်စားတွေ များလွန်းလို့ ဒီနေ့ထက်ထိ ပြောလို့ကို မကုန်ဘူး။ အဲဒီထဲက ကြောက်စရာအကောင်းဆုံး တစ်ခုကတော့ အသက်ကို ဖက်နဲ့ထုပ်ပြီး လူ့ဘီလူးကြီး ကားလ်နဲ့ ရင်ဆိုင်ရတဲ့ အချိန်ပဲ။

ကားလ်က လူနှစ်ရပ်စာ ရှည်ပြီး သုံးယောက်စာလောက် ကြီးတယ်။ လူဆယ်ယောက်စာလောက် သန်တယ်။ မျက်နှာနဲ့ လက်က အမာရွတ်တွေက အရုပ်ဆိုးလွန်းလို့ လူသားတစ်ယောက်လို နေခဲ့တာမှ ဟုတ်ရဲ့လား၊ တိရစ္ဆာန် တစ်ကောင်လို နေထိုင်ခဲ့တာများလားလို့ ထင်ရတယ်။ အပြောအဆို၊ အနေအထိုင်က အစပေါ့။ ကားလ်ကို သာမန်လူမိန်းမတစ်ယောက်က မွေးခဲ့ပေမယ့် တစ်ခုခု မှားယွင်းခဲ့တာတော့ အမှန်ပဲလို့ ပြောကြတယ်။ သူက လူကောင်သိပ်ကြီးလွန်း တာကိုး။

သူ့အမေ မနက်က ဝယ်ဝတ်ပေးတဲ့ အဝတ်အစားတွေက ညနေဆို ချုပ်ရိုးတွေ ပြဲထွက်နေပြီ။ လက်သမားဆရာ ညဘက် ပြင်ပေးခဲ့တဲ့ ခုတင်က မနက်ဆို ခြေထောက်နှစ်ချောင်း တွဲလောင်းကျတဲ့အထိ တိုသွားပြီ။ သူ့ကြီးထွားနှုန်းက အဲဒီလောက်အထိ မြန်တယ်။ အချိန်ရှိသရွေ့လည်း စားချည်း နေတာပဲ။

mgyoe.com

mgyoe.com

သူ့အမေ စားစရာ ဘယ်လောက် ဝယ်ထားထား ညဆို ကြောင်အိမ်ထဲမှာ ပြောင်တလင်းခါပဲ။ ပြီးတော့ ဗိုက်ဆာတယ်လို့ တညည်းတည်း ညည်းနေတတ်တယ်။ ထမင်းစားပွဲခုံကို လက်သီးဆုပ်ကြီးနဲ့ ထုထုပြီး "စားစရာ အခုပေး၊ အမေ၊ အခုပေး"လို့ အော်ဟစ်နေတတ်တယ်။

ဆယ့်လေးနှစ်လောက် ကြာတော့ သူ့အမေလည်း ဆက်သည်းညည်း မခံနိုင်တော့ဘူး။ တစ်နေ့ ကားလ် အသားဟင်းတွေ ငုံစားနေတုန်း သူ့အမေက အထုပ်အပိုးပြင်ပြီး နောက်ဖေးတံခါးကနေ ထွက်သွားတာ ပြန်ကို မလာတော့ဘူး။ စားစရာ ကုန်တဲ့အထိ သူ့အမေ ပျောက်သွားတာကို ကားလ် မသိဘူး။ နောက်တော့ ဘာပြောကောင်းမလဲ၊ ဒေါသအိုး ပေါက်ကွဲတော့တာပေါ့။ အဆိုးဆုံးက ဆာတာပဲ။

ဒီလိုနဲ့ ကားလ်တစ်ယောက် အက်ရှ်လန်းကို ရောက်လာတယ်။ ညဘက် တစ်မြို့လုံး အိပ်မောကျနေတဲ့ အချိန်မှာ ကားလ် ဥယျာဉ်ခြံမြေတွေထဲ ဝင်ပြီး အစာရှာတယ်။ အစတုန်းကတော့ စိုက်ထားတဲ့ အပင်တွေကိုပဲ ယူတာ။ မနက်ကျ ပြောင်းခင်းကြီး ပြောင်တဲ့သူက ပြောင်၊ ပန်းသီးတစ်ပင်လုံး ပျောက်တဲ့သူက ပျောက်နဲ့ ရေလှောင်ကန်မှာ ရေတစ်စက်မှ မရှိတော့တာတို့ ဘာတို့ပေါ့။ ဘာလုပ်ရမှန်းလည်း ဘယ်သူမှ မသိဘူး။

ကားလ်က မတရားကြီး ထွားတက်လာတော့ အိမ်မှာ နေလို့ မရတော့တာကြောင့် မြို့လေးကို ဝိုင်းပတ်ထားတဲ့ တောတန်းထဲ ပြောင်းနေရတယ်။ ဆိုတော့ သူ့ကို ဘယ်သူက သွားတွေ့ရဲမလဲ။ လူသူကင်းမဲ့တဲ့ တောထဲ တောင်ထဲမှာ သူနဲ့ တွေ့တော့ကော ဘာလုပ်ရမလဲ။ နောက်တော့ ကားလ်ရဲ့ လုယက်မှုက တဖြည်းဖြည်း ဆိုးဝါးသောင်းကျန်းလာတယ်။ တစ်နေ့ ခွေးတစ်အုပ်လောက် ပျောက်သွားတဲ့အခါ တစ်မြို့လုံး ထိတ်လန့်ချောက်ချားသွားတယ်။ တစ်ခုခုတော့ လုပ်မှ ဖြစ်မယ်။ ဘာလုပ်ရမှာလဲ။

အဖေက အကြံတစ်ခု ရတယ်။ အန္တရာယ်များပေမယ့် တခြားနည်းလည်း ရှိမယ့်ပုံ မရဘူး။ မြို့လေးရဲ့ ကောင်းချီးပေးမှုနဲ့ အတူ သာယာတဲ့ နွေတစ်မနက်မှာ အဖေက တောတန်းဆီ ထွက်လာခဲ့တယ်။ တောထဲမှာ ဂူတစ်လုံး ရှိတယ်။ ကားလ်က အဲဒီမှာ နေမယ်လို့ ထင်တယ်လေ။ အဲဒီဂူက ကျောက်ပုံကြီးတစ်ပုံနဲ့ ထင်းရှူးပင်ကြီး တစ်ပင်နောက်မှာ မြုပ်နေတယ်။ အဖေက ဘာလို့သိလဲ ဆိုတော့ အရင်တုန်းက

mgyoe.com

mgyoe.com
SAMPLE BOOK


မိန်းကလေးတစ်ယောက် ခြေဦးတည့်ရာ လျှောက်သွားရင်း ပြုတ်ကျသွားလို့ ဆင်းကယ်ဖူးတာကိုး။ အဖေက ဂူရှေ့မှာ မတ်တတ်ရပ်ပြီး အော်ခေါ်လိုက်တယ်။

"ကားလ်ရေ"

အဖေ့အသံ ပဲ့တင်ထပ်သွားတာ သူ့ဟာသူ ပြန်ကြားရတယ်။

"ထွက်လာခဲ့စမ်း၊ အထဲမှာ ခင်ဗျား ရှိနေတာ ကျုပ် သိတယ်၊ ကျုပ်တို့ မြို့က ခင်ဗျားကို သတင်းပါးလိုက်လို့ လာပြောတာ"

တစ်တောလုံး ခဏလောက် ငြိမ်ကျသွားတယ်။ နောက်တော့ မြေကြီးက အလိုလိုနေရင်း တုန်ခါသွားသလိုမျိုး သိမ့်ခနဲ သိမ့်ခနဲ ဖြစ်လာတယ်။ ပြီးတော့ ဂူတွင်း အမှောင်ထဲကနေ ကားလ် ထွက်လာတယ်။ သူက အဖေ ထင်ထားတာ ထက်တောင် ပိုကြီးတယ်။ မျက်နှာပုံပန်းကလည်း ကြောက်စရာကောင်းသလား မမေးနဲ့။ အရိုင်းတစ်ကောင်လို နေထိုင်လို့ ပြတ်ရာ ရှရာတွေ၊ အမာရွတ်တွေကလည်း တင်းကျမ်းပဲ။ အတော်လည်း ဆာနေတဲ့ပုံ ရတယ်။ အရှင်လတ်လတ် ကိုက်သတ်ပြီးတောင် စားမယ့် ပုံမျိုး။ အနက်ရောင် ဆံပင်တွေက ရှည်လျားပြီး ကြေးတွေ ပြည့်နေသလို မုတ်ဆိတ်မွေး ထူလပျစ်မှာ ငြိနေတဲ့ စားကြွင်းစားကျန်တွေကို ပွဲတော်တည်နေတဲ့ ပိုးကောင် မွှားကောင်တွေကလည်း တိုးလိုးတွဲလောင်းနဲ့။ အဖေ့ကို တွေ့တော့ သူက မခိုးမခန့်နဲ့ ရယ်ပြီး–

"မင်း ဘာဖြစ်ချင်တာလဲ လူအသေးလေး"

"အက်ရှ်လန်းကို စားစရာတွေ လာလာယူတာ ရပ်ရမယ်၊ ကျုပ်တို့ လယ်သမားတွေခမျာ သီးနှံစိုက်ခင်းတွေ ပျက်ပြီး ကလေးတွေ မွေးထားတဲ့ ခွေးတွေလည်း ပျောက်ကုန်ပြီ"

"ဘာရယ်၊ မင်းက ငါ့ကို လာတားဖို့ လုပ်နေတာလားကွ၊ ဘာဖြစ်လို့လဲ၊ ငါ မင်းရဲ့ လက်တွေကို သစ်ကိုင်းလေး ချိုးသလို ချိုးပစ်လိုက်လို့ ရတယ်နော်"

ကားလ်ရဲ့ အသံကြီးက တောင်ကြောတစ်ခုလုံးကို ဟိန်းထွက်သွားလို့ အက်ရှ်လန်းကတောင် လှမ်းကြားရမှာ သေချာတယ်။ သူက နမူနာပြတဲ့ အနေနဲ့ အနားက ထင်းရှူးပင်တစ်ကိုင်းကို လှမ်းဆွဲပြီး လက်ထဲမှာတင် အမှုန့်ဖြစ်တဲ့အထိ စိစိညက်ညက် ကြေသွားအောင် ခြေပြတယ်။ ကားလ်က ဆက်ပြီး–

"ပြောစမ်း၊ ဘာဖြစ်လို့လဲ၊ ငါ မင်းကို စားပစ်လိုက်လို့ရတယ်၊ ဘယ်လောက် မှတောင် ကြာမှာ မဟုတ်ဘူးနော်"

"ကျုပ် လာတာလည်း အဲဒါကြောင့်ပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

မုတ်ဆိတ်မွေးပေါ်က ပိုးကောင်တစ်ကောင်က ပါးပေါ် တက်လာလို့ ကားလ်က မျက်နှာကြီးတစ်ချက် တွန့်လိမ်ရှုံ့တွလိုက်တယ်။

"ဘာကို ပြောချင်တာလဲ၊ ဘာကြောင့် မင်းက လာတာလဲ"

"ခင်ဗျား စားတာကို ခံဖို့လေ၊ ကျုပ်က ပထမဆုံး စတေးခံတဲ့ သူပေါ့"

"ပထမဆုံး စတေးခံ ဟုတ်လား"

"ဟောဒီက ကားလ်မဟာကြီးအတွက်၊ ခင်ဗျား အင်အားကြီးတာကို ကျုပ်တို့ သိပါတယ်၊ အများကို ကယ်ဖို့ ကျုပ်တို့ လူအနည်းငယ်က စတေး ရမယ် ဆိုတာ နားလည်ပါတယ်၊ အဲဒါကတော့ ကျုပ်ကိုယ်ကျုပ် နေ့လယ်စာ အနေနဲ့ လာအစားခံတာပဲ"

ကားလ်က အဖေ့စကားကို နားရှုပ်သွားပုံရတယ်။ ရှင်းသွားအောင် လုပ်သလိုမျိုး ခေါင်းကို တစ်ချက် ခါထုတ်လိုက်တော့ မုတ်ဆိတ်မွေးပေါ်က ပိုးမွှားတစ်အုပ် ဝီခနဲ ထပျံသွားပြီး တချို့ မြေကြီးပေါ် ပြုတ်ကျသွားတယ်။ ခန္ဓာကိုယ်ကြီးက လဲကျတော့မလို တဆတ်ဆတ် တုန်လာတာမို့ ကားလ်က သူ့ဟာသူ တောင်နံရံကို လက်နဲ့ ထောက်ပြီး ထိန်းလိုက်တယ်။ မသိရင် လက်နက် တစ်ခုခုနဲ့ အပစ်ခံလိုက်ရလို့ ချက်ကောင်း ထိသွားသလိုမျိုး။ စစ်ပွဲမှာ ဒဏ်ရာ ရလာသလိုမျိုး။ ကားလ်က ဝမ်းနည်းပက်လက် လေသံနဲ့ တိုးတိတ်ညင်သာစွာ

"ငါ...၊ ငါ မင်းကို မစားချင်ပါဘူး"

အဖေက အတော်ကြီး စိတ်သက်သာရာ ရသွားပြီး–

"မစားချင်ဘူးလား"

"ဟင့်အင်း၊ ငါ ဘယ်သူ့ကိုမှ မစားချင်ပါဘူး..."

ကားလ်က ပြောရင်းနဲ့ မျက်ရည်ပေါက်ကြီးတွေ လိမ့်ဆင်းလာပြီး–

"...ငါ မိုက်အရမ်းဆာတာပဲ၊ အမေဆို ငါ့ကို အသားဟင်းတွေ လျှာ လည်အောင် ချက်ကျွေးတာ၊ အမေ မရှိတော့ ငါ ဘာလုပ်ရမှန်း မသိဘူး၊ ခွေးတွေ ကတော့...၊ ခွေးတွေအတွက် စိတ်မကောင်းပါဘူး၊ အားလုံးကို စိတ်မကောင်း ပါဘူးကွာ"

"ကျုပ် နားလည်ပါတယ်"

"ငါအခု ဘာလုပ်ရမှန်း မသိဘူး၊ ဒီမယ်၊ ငါ့ကို ကြည့်ပါဦး၊ ငါက အကြီးကြီးပဲ၊ ငါအသက်ရှင်ဖို့ အစာစားရမယ်၊ ငါ့ဟာငါ ရှာစားရမှာ၊ ဘယ်လို ရှာစားရမှန်း မသိလို့ပါကွာ"

"ချက်စား၊ စိုက်စား၊ မွေးစားလေ"

mgyoe.com

mgyoe.com

"ဒါပေါ့၊ ငါ ဂူနောက်ဘက်မှာ လိုက်ရှာကြည့်ပါဦးမယ်။ ဘယ်တော့မှ လည်း မထွက်တော့ပါဘူး၊ ငါ့အတွက် မင်းတို့ ဒုက္ခရောက်ရတယ်"

"ကျုပ်တို့ ခင်ဗျားကို သင်ပေးမှာပေါ့"

အဖေ့စကားကို ကားလ်က သဘောပေါက်အောင် အကြာကြီး စဉ်းစား ရတယ်။ ပြီးမှ–

"ဘာကို သင်ပေးမှာလဲ"

"ဟင်းချက်နည်း၊ အပင်စိုက်နည်းပေါ့၊ ဒီမှာ နေရာလွတ်တွေမှ အများကြီး ပဲဟာ"

"မင်း ပြောသလိုဆို ငါက လယ်သမား ဖြစ်လာနိုင်တာပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ၊ ဖြစ်နိုင်တာပေါ့"

အဲဒီနောက်တော့ ကားလ်ဟာ အက်ရှ်လန်းမြို့လေးမှာ အကြီးမားဆုံး လယ်သမားကြီး ဖြစ်လာတော့တာပေါ့။ ဒါပေမဲ့ အဖေ့ရဲ့ သမိုင်းဝင် စွန့်စားခန်းက ပိုကြီးပါတယ်။ အဖေက သွားလေရာ မျက်နှာပွင့်အောင် လုပ်နိုင်တယ်လို့ ပြောကြ တယ်။ အဖေ့မှာ ထူးခြားတဲ့ အစွမ်းသတ္တိ ရှိတယ်လို့လည်း ပြောရဲ့။ ဒါပေမဲ့ အဖေက ရိုးသား ကြိုးစားတဲ့ ဖိုးသခွားလေးကလွဲလို့ ဘာကောင်မှ မဟုတ်ပါဘူး။ သူက လူတွေကို ချစ်တယ်။ ဒါကြောင့် လူတွေကလည်း သူ့ကို ချစ်ကြတယ်။ ရိုးရိုးလေးပါပဲ။ အဖေ ပြောနေကျ စကားကတော့ ဒါပဲ။

❂

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၈)

# ငါးမျှားထွက်ခြင်း

နောက်တော့ ရေကြီးတယ်။ ကြီးဆို မိုးရွာတာက ရပ်မှ မရပ်ဘဲကိုး။ ချောင်းတွေက မြစ်ဖြစ်လို ဖြစ်၊ မြစ်တွေက ရေကန်ဖြစ်လို ဖြစ်နဲ့ ရေကန်တွေ အကုန် ရေလျှံထွက်ကုန်ပြီး ကြည့်လေရာ ရေပြင်ကြီးပဲ မြင်ရတော့တယ်။ အက်ရှ်လန်းရဲ့ နေရာအများစု ရေမြုပ်သွားတယ်။ တချို့ပြောကြတာတော့ အက်ရှ်လန်းမြို့ ရေဘေးက လွတ်သွားတာ တောင်တစ်လုံး ခံနေလို့ တဲ့။ ဒါတော့ အမှန်ပဲ။ ဘာကြောင့်လဲ ဆိုတော့ ရေအောက်ထဲမှာ အက်ရှ်လန်းမြို့ အစွန်က အိမ်တွေ၊ လူတွေ အကုန် ရေအောက် ရောက်သွားခဲ့တာ အခုထိပဲ ဆိုပါတော့။ အဲဒီနေရာကို အခု ဘစ်လိခ်(ရေကန်ကြီး)လို့ ခေါ်ကြလေရဲ့။ တကယ်ဟုတ်၊ မဟုတ်တော့ မသိဘူး၊ နွေညတွေဆို ရေနစ်သေသွားတဲ့ ဝိညာဉ်တွေရဲ့ ကယ်ပါ၊ ယူပါ တစာစာ အော်ဟစ်သံတွေကို ကြားရတတ်တယ် တဲ့။ ဒါပေမဲ့ ရေကန်ကြီးရဲ့ အမှတ်သညာ ပြောစရာကတော့ ငါးရှူပဲ။ အဲဒီကန်က ငါးရှူတွေဟာ လူတစ်ယောက်စာလောက် ကြီးသတဲ့။ တချို့ဆို လူထက်တောင် ကြီးဆိုပဲ။ ရေနက်ပိုင်းများ ကူးမိလို့

mgyoe.com

mgyoe.com
SAMPLE BOOK


ကတော့ ခြေထောက်ပြတ်ပြီသာ မှတ်။ တစ်ခါတလေ သတိများ မထားမိလို့ ကတော့ ခြေထောက်တောင် မကဘူး ဖြစ်သွားမယ်။

အရူးတစ်ယောက်ယောက်၊ ဒါမှမဟုတ် သူရဲကောင်းတစ်ယောက် ယောက်ကပဲ အဲဒီလောက်ကြီးတဲ့ ငါးကို ဖမ်းဖို့ ကြိုးစားလိမ့်မယ်။ ဘယ်သူ ရှိရဦးမလဲ၊ ကျွန်တော့်အဖေ ကိုအက်ဒွပ်ပဲပေါ့။ သူက အဲဒီလို လူနည်းစုထဲက တစ်ယောက်ပဲလေ။

တစ်နေ့ အရုဏ်တက်ချိန် မနက်ပိုင်းမှာ အဖေတစ်ယောက်တည်း ဘစ်လိခ်ရဲ့ အနက်ဆုံးနေရာ ရေလယ်ကောင်တည့်တည့်ကို လှေတစ်စီးနဲ့ ထွက်လာ တယ်။ ငါးစာကတော့ ပြောင်းဖူးသိုလှောင်ရုံထဲက ကြွက်အသေတစ်ကောင်ပေါ့။ အဖေက ကြွက်ကို ငါးမျှားချိတ်မှာ ချိတ်ပြီး ပစ်လိုက်တယ်။ ရေအောက် ရောက်ဖို့ ငါးမိနစ်တော့ အသာလေး ကြာတယ်။ ပြီးတော့မှာ ဖြည်းဖြည်းချင်း ဆွဲတင် တယ်။ မကြာခင် ဆတ်ခနဲ ဆောင့်အဆွဲခံရပြီး ငါးမျှားတံရော၊ ကြွက်ပါ ပါသွားတယ်။ ဒါနဲ့ နောက်တစ်ကြိမ် ထပ်လုပ်တယ်။ ခုနကထက် ပိုကြီးတဲ့ ငါးမျှားတံမှာ ကြွက်သေကောင်ကြီး ချိတ်ပြီး ထပ်မျှားတယ်။ ရေပြင်က ပိုနောက်ကျိ ပြီး ပလုံတစီစီနဲ့ လှိုင်းဂယက်ပါ ထလာတယ်။ မသိရင် ရေကန်စောင့်နတ်ပဲ ဘွားခနဲ ပေါ်လာတော့မလိုလို ဘာလိုလိုနဲ့။

အက်ဒွပ်ကတော့ ငါးကိုပဲ ဆက်မျှားတယ်။ ကြုံနေရတဲ့ အခြေအနေက ကောင်းမယ့် အလားအလာတော့ ရှိပုံ မရဘူး။ ရေကန်တစ်ခုမှာ ဖြစ်နေရမယ့် ပုံသဏ္ဍာန်မျိုးနဲ့မှ မတူဘဲ၊ ကြက်သီးဖြန်းဖြန်း ထစရာကြီးလေ။ ရစ်လုံးသိမ်းပြီး အိမ်ပြန်ရမယ့် အနေအထား။ ထားပါတော့လေ။ သူ သတိထားမိတာက ရစ်လုံးကို ရစ်တာနဲ့ ကြိုးစကို ဆွဲပြေးတာပဲ။ မြန်မြန်ရစ်လေ၊ လှေပါ မြန်မြန်ရွေ့လေပဲ။ သူ လုပ်ရမှာက ရှင်းရှင်းလေး။ အကောင်းဆုံးက ငါးမျှားတံကို သွားလေရော့ဟယ် ဆိုပြီး လွှတ်ပစ်လိုက်ဖို့ပဲ၊ ကြိုးကို ဆွဲထားတာက ဘာကောင်မှန်းမှ မသိဘဲ။ ဒါပေမဲ့ သူ မလွှတ်ဘူး။ လွှတ်လည်း မလွှတ်နိုင်ဘူး။ သူ့လက်ကိုက ငါးမျှားတံ ဖြစ်နေ သလိုပဲ။ ဒီတော့ ဒုတိယအကောင်းဆုံးနည်းအဖြစ် မရစ်ဘဲ ရပ်နေလိုက်တယ်။

ဒါပေမဲ့ အဲဒီဒုတိယအကောင်းဆုံးနည်းလမ်းလည်း သိပ်အလုပ်ဖြစ်ပုံ မရဘူး။ ဘာလို့လဲ ဆိုတော့ ဘာမှန်းမသိတဲ့ သတ္တဝါ ဆောင့်ဆွဲလိုက်လို့ လှေပေါ် ကနေ ပြုတ်ကျသွားတယ်။ ပိုဆိုးတာက ခုနကထက်တောင် ပိုမြန်သေးတယ်။ သူ့ကို ဆွဲပြေးနေတာက သစ်တုံးတော့ ဘယ်ဖြစ်ပါ့မလဲ။ သက်ရှိသတ္တဝါဖြစ်တဲ့

mgyoe.com

mgyoe.com
SAMPLE BOOK


ငါးချူကြီးတစ်ကောင်ပဲပေ့ါ။ တစ်ချက်တစ်ချက် ရေပြင်ပေါ် ခုန်ခုန်တက်လာတာများ မသိရင် လင်းပိုင်ကြီး ကျနေတာပဲ။ နေရောင်ခြည်ထဲမှာ မြင်ရသလောက် ခြောက်ပေ၊ ခုနစ်ပေလောက်ရှိတဲ့ သင်းက လှလည်း လှ၊ ကြောက်စရာလည်း ကောင်းတယ်။

ငါးချူကြီးက အက်ဒွပ်ကို လှေပေါ်က ကျပြီး ဘစ်လိခ်ရေအောက် သင်္ချိုင်းမှာ သင်္ဂြိုဟ်ဖို့ စိတ်ကူးထားပုံ ရတယ်။ ရေအောက်ထဲမှာ ဘာမြင်ရတယ် ထင်သလဲ။ ရေအောက်ထဲ မြုပ်နေတဲ့ လယ်ကွင်းတွေ၊ အိမ်တွေ၊ လမ်းတွေနဲ့ အက်ရှ်လန်းရဲ့ မြို့စွန်လေးပေ့ါ။ လူတွေတောင် ပါသေးရဲ့။ ဟိုးမားကစ်ထရစ်နဲ့ သူ့မယား မာလာလည်း ပါတယ်။ ဗန်းတယ်လ်ဘော့တ်နဲ့ ကာရိုးစမစ်လည်း ပါတယ်။ ဟိုးမားက မြင်းတွေကို ပုံးတစ်လုံးနဲ့အပြည့် အစာထည့်ကျွေးနေတယ်။ ကာရိုးကမာလာ့ကိုပြောင်းဖူးအကြောင်းပြောနေတယ်။ဗန်းတယ်လ်ဘော့တ်က လယ်ထွန်စက် မောင်းနေတယ်။ စိမ်းမြနေတဲ့ ရေခြောက်ပေအနက်မှာ သူတို့ရဲ့ အပြုအမူတွေက အနှေးပြကွက်လိုပဲ။ စကားပြောတဲ့အခါ ပါးစပ်ကနေ ပူစီဖောင်းလေးတွေ ထွက်ပြီး ရေပြင်ပေါ် ပလုံစီတက်လာသေးရဲ့။ ငါးချူကြီးက အက်ဒွပ်ကို ဝီခေါ်အောင် ဆွဲပြေးနေတော့ ဟိုးမားက သူ့ကို ပြုံးပြီး လက်ပြ နှုတ်ဆက်တာတောင် သေချာမမြင်လိုက်ရဘူး။ ဟိုးမားနဲ့ သူနဲ့က သိတယ်လေ။

ရုတ်တရက် ငါးချူကြီးက သူ့ကို ဆောင့်ဆွဲထည့်လိုက်တာ ရေထဲကနေ မြောက်တက် ပြီး ငါးမျှားတံပါ လွတ်သွားတယ်။ လူကတော့ အရှိန်နဲ့ ကမ်းစပ်ကို တန်းရောက် သွားတာပဲ၊ ဒီအကြောင်းကို ဘယ်သူ့ကိုမှ ပြောမပြခဲ့ပါဘူး။ ပြောလည်း ဘယ်သူက ယုံမှာလဲ။ ငါးမျှားတံနဲ့ လှေက ဘယ်လိုဖြစ်လို့ ပြန်မတွေ့တာလဲလို့ မေးနေဦးမယ်။ ဘာလို့လဲ ဆိုတော့ သူ့ခမျာ ဘစ်လိခ်ရဲ့ ကမ်းနဖူးပေါ်မှာ မေ့မြော အိပ်ပျော်သွားလို့ လှေက မျောသွားပြီလေ။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၉)

# အက်ရှ်လန်းမြို့က ထွက်တဲ့နေ့

ဒီလိုနဲ့ အက်ဒွပ်တစ်ယောက် လူကြီးလုံးလုံး ဖြစ်ခဲ့တယ်ပေါ့။ ကျန်းမာသန်စွမ်းတဲ့ သူ့ကို မိဘနှစ်ပါးကလည်း ချစ်ကြတယ်။ အထက်တန်းကျောင်းက ဘွဲ့ရပြီးတဲ့နောက် အက်ရှ်လန်းတစ်ခွင် ပြုပြစင်အောင် သူငယ်ချင်းတွေနဲ့ သောက်လိုက်၊ စားလိုက်၊ ပျော်လိုက်၊ ပါးလိုက်နဲ့ နေခဲ့တယ်။ ဘဝကို အိပ်မက်မက်သလို ပေါ့ပေါ့ပါးပါး ဖြတ်သန်းနေရာက တစ်ခုသောမနက် အိပ်ရာက နိုးလာတဲ့အခိုက် သူ ဒီကနေ ထွက်သွားမှ ဖြစ်မယ်လို့ စိတ်ထဲက သိလိုက်တယ်။ မိဘနှစ်ပါးကို ဖွင့်ပြောပြတဲ့ အခါမှာလည်း သူ့ကို မတားကြသလို တစ်နေ့ ဒီလိုဖြစ်လာမယ် ဆိုတာ ကြိုသိနေသလိုမျိုး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြတယ်။ အက်ရှ်လန်းက ထွက်ဖို့ တစ်နည်းပဲ ရှိတယ်၊ အက်ရှ်လန်းမြို့အလွန်က အမည်သညာ သတ်မှတ်ထားခြင်း မရှိတဲ့ နေရာတစ်ခုကို ဘေးမသီ ရန်မခ ဖြတ်သွားနိုင်ရမယ်။ မဟုတ်ရင် အဲဒီနေရာကနေ ထာဝရ ထွက်ခွာလို့ ရမှာ မဟုတ်သလို အက်ရှ်လန်း ကိုလည်း ဘယ်တော့မှ ပြန်လာနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့်မို့ သူတို့ရဲ့

mgyoe.com

myoe.com SAMPLE BOOK


တစ်ဦးတည်းသော သားဖြစ်သူကို ဒီတစ်သက် ပြန်တွေ့ရဖို့ မသေချာဘူး ဆိုတဲ့ အသိနဲ့ အပြီးအပိုင် နှုတ်ဆက်ကြတယ်။ သူလည်း အတူတူပါပဲ။

သူ မြို့က ထွက်လာတဲ့နေ့ မနက်ခင်းက သိပ်ကို သာယာပေမယ့် အမည်သညာ မရှိတဲ့ မြို့ဆီ ဦးတည်သွားနေရတာမို့လား မသိဘူး၊ တဖြည်းဖြည်း မိုးမှောင်ကျပြီး အုံ့မှိုင်းလာတယ်။ ကောင်းကင်က တအိအိ နိမ့်ဆင်းလာပြီး မြူထုကြီးတစ်ခု ကျလာတယ်။ မကြာခင် အက်ရှ်လန်းနဲ့ တစ်ပုံစံတည်းနီးပါး ဆင်ပေမယ့် အဓိကနေရာတွေ ကွဲပြားနေတဲ့ နေရာတစ်ခုကို ရောက်လာတယ်။ မိန်းလမ်းမှာ ဘဏ်တစ်ခု ရှိတယ်။ ပြီးတော့ ကိုးလ်ရဲ့ ဆေးဆိုင်၊ ခရစ်ရှန်စာအုပ်ဆိုင်၊ တဲလ်ဘော့တ်ရဲ့ စုံစီနဖာ ပစ္စည်းဆိုင်၊ ဖိုင်း လက်ဝတ်ရတနာနဲ့ နာရီဆိုင်၊ ဂွတ်ဖု ကဖီး၊ ဘိလိယက်ရုံ၊ ရုပ်ရှင်ရုံ၊ ကားပါကင်အလွတ်၊ ကုန်မာဆိုင်၊ ကုန်စုံဆိုင်။ တချို့ဆိုင်တွေက အက်ရှ်လန်းမြို့ မိန်းလမ်းက ဆိုင်တွေနဲ့ အတူတူပေမယ့် ဒီမှာကျ ဆိုင်ခန်းအလွတ်တွေ ဖြစ်နေတာမို့ မှောင်မည်းပြီး ပြတင်းပေါက်တွေ တောင် ကျိုးပဲ့နေတယ်။

ဆိုင်ရှင်တွေက သူ့ကို တွေ့တော့ ဆိုင်တံခါးပေါက်ဝကနေ အူကြောင် ကြောင် ကြည့်ရင်း ပြုံးပြီး လက်ပြနှုတ်ဆက်တယ်။ ဈေးဝယ်သူ မှတ်လို့လား မသိဘူး။ လမ်းအဆုံးမှာ ပြည့်တန်ဆာအိမ်တစ်လုံးတောင် ရှိသေး။ ဆိုပေမယ့် လုပ်စားတဲ့ အိမ်တော့ မဟုတ်ပါဘူး။ ပြည့်တန်ဆာတွေ စုနေကြတဲ့ အိမ်ပါ။

မြို့ထဲကို ဟိုကြည့်ဒီကြည့် ဝင်လာတဲ့ သူ့ကို တွေ့တော့ လူတွေ အပြေးအလွှား လာမိတ်ဆက်ကြ၊ လက်ဆွဲနှုတ်ဆက်ကြနဲ့ အုံလာတယ်။ အက်ရှ်လန်း ကနေ ထွက်လာတာလားလို့လည်း မေးရဲ့။

သူတို့ပုံစံက အထူးအဆန်းတွေချည်းပဲ။ လူတစ်ယောက်ဆို ညာလက် လေး တစ်ဖက်က ကျုံ့သေးနေပြီး တံတောင်ဆစ်ကနေ တွဲလောင်းကျနေ တယ်။ တံတောင်ဆစ်အထက်က လက်မောင်းကလည်း ရှုံ့တွနေတယ်။ အင်္ကျီလက်ထဲက ထွက်နေတဲ့ အဲဒီလက်က မသိရင် စက္ကူအိတ်ထဲကနေ ကြောင် တစ်ကောင် ခေါင်းပြူကြည့်နေသလိုပဲ။ လွန်ခဲ့တဲ့ နှစ်တွေတုန်းကတော့ အဲဒီလက်က အကောင်းပဲ။ သူက ကားမောင်းရင် ပြတင်းပေါက်ကနေ လက် တစ်ဖက်ကိုလေတိုးအောင် ဆိုပြီး အပြင်ဘက် ဆန့်ထုတ်ထားတတ်တယ်။ ကား က လမ်းမဘေးနဲ့ အရမ်းနီးသွားတော့ တယ်လီဖုန်းတိုင်တစ်လုံးနဲ့ ရုတ်တရက် တိုက်မိပြီး အရိုးအဆစ်တွေ ကျိုးကြေသွားတယ်။ အဲဒီကတည်းက တွဲလောင်း

myoe.com